# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၆၅)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်၊ ကြာသပတေးနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။
တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။
အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံး
ဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။

ဓမ္မပဒ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မဲစာရင်းမှန်ကန်ဖို့ မြန်မာအီလက်ထရောနစ် မဲပေးစနစ်အသုံးပြုစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၀ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| မွန်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်) | | | | |
| (၁) | ဦးဇေယျာဦး | ၁၀/သဖရ(နိုင်)၀၀၀၃၉၁ | ကျိုက်ထိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**စာမျက်နှာ ၇ ကော်လံ ၁ ❖**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အသိပေးနှိုးဆော်စာ

စာ - ၁၂ သို့

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံကုလားပဲကေ ၅၇၀၀၀ ကျော်စိုက်ပျိုး

ပွင့်ဖြူ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၅၂၀၅၁ ကေစိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၅၇၁၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းသိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ ●**



## မြန်မာနိုင်ငံတော်ဗဟိုဘဏ်အမိန့်ကြော်ငြာစာအမှတ် ၂/ ၂၀၂၆ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**အမိန့်ကြော်ငြာစာအမှတ် ၂ /၂၀၂၆**
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပို့ကုန်တင်ပို့သူများ ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း (၇-၈-၂၀၂၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၄) ဖြင့် သတ်မှတ်ခဲ့ပါသည်။

၃။ ပို့ကုန်တင်ပို့သူများအနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်း အစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ အမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်အတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်ပါသည်။

၄။ ဤအမိန့်ကြော်ငြာစာသည် (၁ - ၁ - ၂၀၂၆) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

**(သန်းသန်းဆွေ)**
**ဥက္ကဋ္ဌ**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၈ ရက်)

# အမျိုးသားနိုင်ငံရေးဦးဆောင်မှုနှင့်တပ်မတော်

လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် လေးနက်စွာ ခံယူစောင့်ထိန်းကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ တပ်မတော်သည် အမျိုးသားရေးတာဝန်များကို အစဉ်တစိုက် အလေးထားထမ်းဆောင်လျက်ရှိသည်။ ပြည်တွင်းပြည်ပမှပေါ်ပေါက်လာမည့် ရန်စွယ်အန္တရာယ်မှန်သမျှကိုကာကွယ်နိုင်ရန် အမြဲလေ့ကျင့်၊ အမြဲစစ်ရေးသတိရှိ၊ အမြဲတိုက်ပွဲဝင်အသင့်ရှိဟူသောမြဲသုံးမြဲကို လက်ကိုင်ထားကာ အမြဲအသင့်ရှိနေသည်။

မြန်မာနိုင်ငံ၏သမိုင်းတွင်လည်း တပ်မတော်သည် နိုင်ငံတော်အတွက် ကြီးမားလေးနက်သောနိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ခဲ့ရသည်။ ထို့အတူ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နေကြပြီး ထင်သာမြင်သာယနေ့တိုင်မြင်တွေ့နိုင်သည့်မြို့သစ်များ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကြီးများ၊ အဝေးပြေးလမ်းမကြီးများ၊ မြစ်ကူးတံတားကြီးများ၊ ဆည်တမံများ၊ လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများ စသည်ဖြင့်မြောက်မြားလှစွာသောတိုးတက်မှုများကိုဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တာဝန်ယူထားချိန်တွင်လည်း ကမ္ဘာပေါ်ရှိထိုင်တော်မူဗုဒ္ဓကျောက်ဆစ်ရုပ်ပွားတော်များတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားခြင်း၊ တက္ကသိုလ်အသစ်များဖွင့်လှစ်ပေးခြင်း၊ စီးပွားရေးတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား(MSME)စီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာခြင်း၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍကိုအလေးထားမြှင့်တင်ပေးခြင်းများကိုဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်ပြောင်းလဲမှုများဖြစ်သည်။ ထို့ပြင် မိတ်ဆွေနိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကိုတိုးမြှင့်တည်ဆောက်နိုင်ခဲ့ခြင်း၊ ပြည်တွင်းထုတ်ကုန်များကို ပြည်ပဈေးကွက်ရှိစေရန်နှင့် ပြည်တွင်းမှာ အဓိကလိုအပ်နေသည့်နေရာများတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာစေရန်ဆောင်ရွက်ပေးခြင်းများ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။

ထူးခြားထင်ရှားသောဆောင်ရွက်ချက်အဖြစ် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ချီတက်ရာတွင် အခြေခံဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတစွာဆောင်ရွက်ပေးခြင်းဖြစ်သည်။ ရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ကျင်းပလျက်ရှိရာ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ရွေးကောက်ပွဲပထမပိုင်းတွင် မဲပေးနိုင်သူ ၁၁ ဒသမ ၆ သန်းကျော်ရှိရာ မဲပေးခဲ့သူပေါင်း ၆ သန်းကျော်ရှိခဲ့သည့်အတွက် မဲပေးသူ ၅၂ ဒသမ ၁၃ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ မဲပေးသူ ၅၀ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် အောင်မြင်သောရွေးကောက်ပွဲဖြစ်ခဲ့သည်။ ရွေးကောက်ပွဲအပိုင်း(၁)မှ ရွေးကောက်တင်မြှောက်ခံရသည့်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများကိုလည်း ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲ၊ ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြုမှတ်ကျောက်တင်ရန်အတွက် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၊ နိုင်ငံတကာနှင့်ပြည်တွင်းသတင်းမီဒီယာအဖွဲ့အစည်းများမှ သတင်းမီဒီယာသမားများ စုစုပေါင်း ၁၅၄၄ ဦးခန့်စောင့်ကြည့်လေ့လာသတင်းယူခဲ့ကြသည်။ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက မဲဆန္ဒရှင်ပြည်သူများ၏စိတ်ပါဝင်စားမှု၊ အားတက်သရောလာရောက်မဲပေးခဲ့မှုများကိုမြင်တွေ့ခဲ့ကြသည့်အတွက် အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြုစကားများပြောကြားခဲ့ကြသည်။

တပ်မတော်သည် နိုင်ငံတော်ကိုဦးဆောင်တာဝန်ယူခဲ့သည့်အခါတိုင်း နိုင်ငံတော်နှင့်နိုင်ငံသားများကောင်းကျိုးရှိသည့်ဆောင်ရွက်ချက်များကိုလုပ်ဆောင်ခဲ့သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲအဖြစ်ဆောင်ရွက်ပေးနေသကဲ့သို့ ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲမှတစ်ဆင့် ဂုဏ်သိက္ခာရှိသောလွှတ်တော်အသီးသီးဖွဲ့စည်းနိုင်သည်အထိ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့နှင့် အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဆက်လက်ကျင်းပရန် စီစဉ်ထားပြီးဖြစ်သည်။

တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်ကိုအရေးပေါ်အခြေအနေထုတ်ပြန်ကြေညာစဉ်က ပါရှိခဲ့သည့်ကိစ္စရပ်အားလုံးကို အောင်မြင်စွာဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်မှာ တပ်မတော်၏နိုင်ငံတော်နှင့်ပြည်သူလူထုအပေါ်အလေးထားမှု၊ ကတိကဝတ်နှင့်အညီဆောင်ရွက်မှု၊ သစ္စာရှိမှုတို့ကို ပြသနိုင်ခြင်းပင်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ထမ်းဆောင်သည့်အခါတိုင်း နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ကောင်းကျိုးကို ပိုမိုထူးချွန်စွာဆောင်ရွက်ခြင်းမှာ ထင်ရှားသောသမိုင်းမှတ်တမ်းများဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

# မန်းရွှေစက်တော်ဘုရားကြီး၌ တည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများဆောက်လုပ်လျက်ရှိ ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်

မင်းဘူး ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော် ကျင်းပစဉ်ကာလ ဘုရားဖူးလာရောက်ကြသူများတည်းခိုနားနေနိုင်ရန် မန်းချောင်းသောင်ပြင်အတွင်း၌ ယခုအခါတည်းခိုဆောင်နှင့် ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်နေပြီး ပွဲတော်ကာလ ဘုရားဖူးများအား ညအိပ်တည်းခိုခွင့်ပြုမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေး ဦးစီးကော်မတီထံမှ သိရသည်။

"အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဘုရားဖူးမြော်ရင်း ညအိပ်တည်းခိုနားနေနိုင်စေဖို့ တည်းခိုဆောင်အခန်းပေါင်း ၅၁၉ ခန်း၊ ဈေးဆိုင်ခန်းပေါင်း ၇၇၉ ခန်းကို ဆောက်လုပ်နေပါတယ်။ ယခုလက်ရှိ ဘုရားပရိဝုဏ်အတွင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအားလုံးကို မကြာမီရက်ပိုင်းအတွင်း အပြီးဆောင်ရွက်သွားမှာပါ။ တည်းခိုဆောင်ငှားရမ်းခနှုန်းထားတွေကတော့ တစ်ရက်ကို အထူးခန်း(VIP)တည်းခိုဆောင် (ရေချိုးခန်းနဲ့ Toilet အပါ) ရေစပ်(ကမ်းစပ်) တစ်ခန်းကို ငွေကျပ် ၁၁၀၀၀၀ နှုန်း၊ ရိုးရိုးတည်းခိုဆောင် ရေစပ်(ကမ်းစပ်)တစ်ခန်းကို ငွေကျပ် ၈၀၀၀၀၊ ၆၀၀၀၀ နှုန်းနဲ့ ကုန်းပေါ်တစ်ခန်းကို ငွေကျပ်၄၀၀၀၀ နှုန်းဆိုပြီး ညှိနှိုင်းသတ်မှတ်ပေးထားပါတယ်။ ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းသာစွာ တည်းခိုနားနေနိုင်စေဖို့အတွက် တည်းခိုဆောင်ငှားရမ်းခတွေကို သတ်မှတ်နှုန်းထားထက်ပိုမိုကောက်ခံပါက တိုင်ကြားနိုင်သလို ထိရောက်စွာအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်ကပြောသည်။

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်မှ ဧပြီလ ၁၇ ရက် **(တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ)** ရက်ပေါင်း ၈၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဘုရားဖူးများသွားလာရေးအဆင်ပြေစေရန်အတွက် သောင်ပြင်အတွင်း၌ ယာယီဘေလီသံပေါ်ထိုးတံတား(အထူးတံတား) တစ်စင်းကိုတပ်ဆင်ဆောက်လုပ်ပေးထားကာ မင်းဘူး-ရွှေစက်တော်၊ ရွှေစက်တော်အခြေပြုတောင်ပေါ်-တောင်အောက်နှင့်ရွှေစက်တော်-ဆင်စခန်း မော်တော်ယာဉ်လိုင်းများကိုလည်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုထံမှသိရသည်။ **မောင်မောင်(မင်းဘူး)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၈-၁-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီလ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အလိုက် ဖျော်ဖြေရေးအဖွဲ့များက မြန်မာ့ကျောင်းသီချင်းကို သံပြိုင်တီးခတ်သီဆိုကြသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဒုတိယပိုင်းအစီအစဉ်ကို



ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပရာ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သံစုံတီးဝိုင်းဖြင့် ဧည့်ခံဖျော်ဖြေပြီး ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော်ဒို့နွှဲပျော်သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ ထူးချွန်ဆုများရရှိခဲ့ကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(သုဝဏ္ဏ)၊ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပညာရေးစုံညီပွဲတော်ကျင်းပရေးအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များက ခင်းကျင်းပြသထားသည့် IT ပြခန်း၊ စက်မှုပြခန်း၊ စိုက်ပျိုးရေးပြခန်းနှင့် မွေးမြူရေးပြခန်း စသည့်ပညာရေးပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**လင်းခန့်**

# ပွင့်ဖြူမြို့နယ်၌ လာမည့်နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် စပါး ဧက ၃၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ပွင့်ဖြူ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ လာမည့်နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် စပါး ဧက ၃၃၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ လာမည့်နွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန် လျာထားပြီး တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဆက်စပ်ဌာနများနှင့်ပူးပေါင်းပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့်နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး စပါး ၃၃၂၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်ထားတဲ့ စိုက်ဧကတွေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ပြီး စပါးမစိုက်မီအချိန်ကတည်းက ကြိုတင်ပြီး စိုက်ပျိုးရေးနည်းပညာတွေ၊ မျိုးကောင်းမျိုးကောင်းသန့်ရရှိရေးနဲ့ စိုက်ပျိုးရေအချိန်မီရရှိရေးအတွက် ပံ့ပိုးကူညီပေးမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ လာမည့်နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက၊ နွေနှမ်း ၃၃၇၃၇ ဧက စုစုပေါင်း နွေသီးနှံ ၆၆၉၇၂ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာပေါင်း ၂၄၀ ကျော်တွင် ဆောင်ရွက်နိုင်ခဲ့

ထားဝယ် ဇန်နဝါရီ ၇

တနင်္သာရီတိုင်းဒေသကြီး၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ မြို့နယ် ၁၀ မြို့နယ်ရှိ စုစုပေါင်းကျေးရွာ ၂၄၀ ကျော်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းကျေးရွာများ၌ ဒေသခံပြည်သူများအတွက် နိုင်ငံတော်အစိုးရမှ အရင်းမပျောက်မတည်ရန်ပုံငွေများ ပေးအပ်ကာ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပြီး မိသားစုဝင်ငွေတိုးတက်လာစေရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

"တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ စုစုပေါင်းမြို့နယ် ၁၀ မြို့နယ် စီမံကိန်းကျေးရွာပေါင်း ၂၄၈ ရွာမှာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီစီမံကိန်းကျေးရွာတွေအတွက် နိုင်ငံတော်အစိုးရကနေ အရင်းမပျောက်မတည်ရန်ပုံငွေ ပေးအပ်မှုအနေနဲ့ စုစုပေါင်းငွေကျပ် ၉ ဒသမ ၆ ဘီလီယံခန့်ရှိပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲခေါင်ကပြောသည်။

အဓိကအားဖြင့် စီမံကိန်းကျေးရွာရှိ ဒေသခံပြည်သူများကို အရင်းမပျောက်မတည်ရန်ပုံငွေများ ထုတ်ပေးရာတွင် စိုက်ပျိုးရေးကဏ္ဍအတွက် ၃၃ ဒသမ ၄ ရာခိုင်နှုန်း၊ မွေးမြူရေးကဏ္ဍအတွက် ၉ ဒသမ ၈ ရာခိုင်နှုန်းနှင့် ရေလုပ်ငန်းကဏ္ဍအတွက် ၁၁ ရာခိုင်နှုန်း ထုတ်ချေးပေးထားသည့်အပြင် မီးလင်းရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ကုန်စုံဆိုင်နှင့် တခြားအရောင်းဆိုင်များကိုလည်း မတည်ရင်းနှီးငွေများ ထုတ်ချေးပေးထားသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာများ၌ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်လာနိုင်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မတည်ရင်းနှီးငွေများ ပေးအပ်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'ဒါပေမဲ့ သူ့အပေါ်မှာ သံယောဇဉ်ဆိုတာတော့ ရှိသေးတာပေါ့၊ မာမီမညာချင်ပါဘူး' 'ဒက်ဒီကိုတော့ သစ္စာမဖောက်ပါနဲ့ မာမီ' 'သစ္စာ ဟုတ်လား'

မာမီသည် ပြက်လုံးကောင်းတစ်ခုကို ကြားရသလို ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။ မာမီ၏ရယ်သံသည် လှောင်ပြောင်သရော် နာကြည်းသော ခံစားမှုများနှင့် ရောထွေးနေဟန်ရှိသည်။

'သူနဲ့မာမီနဲ့ ဘာသစ္စာမှထားခဲ့ကြတာမှမဟုတ်တာ၊ မာမီက ဘာသစ္စာစောင့်နေရမှာလဲ'

'ဘာပဲဖြစ်ဖြစ် ဒက်ဒီဟာ မာမီရဲ့ယောကျ်ား၊ စုရဲ့ဒက်ဒီ' 'ဟုတ်တယ်၊ ဒါပေမဲ့ သူက မာမီတစ်ယောက်တည်းပိုင်တဲ့ ယောကျ်ားမဟုတ်ဘူး၊ စုတစ်ယောက်တည်းပိုင်တဲ့ အဖေလည်းမဟုတ်ဘူး'

မျက်ရည်များနှင့်ရွှန်းစိုနေသော မာမီ၏မျက်လုံးတွင် ရုတ်ခြည်းပင် မျက်ရည်များခန်းခြောက်သွားသည်။ အေးစက်စက်ဖြစ်သွားပြီး ဒေါသရိပ်သမ်းကာ ပြောင်လက်လာလေသည်။

'မာမီက တခြားမိန်းမတွေနဲ့ခွဲဝေပြီး သူ့ကိုပိုင်ဆိုင်ရတယ်၊ စုကလည်း တခြားကလေးတွေနဲ့ခွဲဝေပြီး သူ့ကိုပိုင်ဆိုင်ရတယ်'

စုလှိုင်သည် ခေါင်းကလေးငိုက်ကာ ငြိမ်ကျသွားသည်။

'မာမီရယ်၊ စုကို ဘာလို့ဒီအကြောင်းတွေပြောနေရတာလဲ'ဟု စိတ်ထဲမှ မြည်တမ်းညည်းညူနေမိသော်လည်း လူကမူ ကျောက်ရုပ်ကလေးလို ငြိမ်နေမိသည်။

ကောင်းကင်တွင် ကြယ်လေးများ လင်းလက်နေသည်။ လပြည့်ဝန်းကမူ တိမ်ကြားထဲမှ ပြန်လည်ထွက်မလာသေးပေ။ နှင်းဆီရနံ့က သင်းသင်းလေးမွှေးပျံ့နေသည်။ သင်းရနံ့လေးကိုရှူရှိုက်ရင်း မာမီသည် မေးဟိုက်လာသည်။ ကျောက်ဆစ်သားလေးလို ဖြူရော်သွားသော သမီးငယ်၏မျက်နှာလေးကို စိုက်ကြည့်ကာ သက်ပြင်းချလိုက်သည်။

'သမီး ဘာမှစိတ်မကောင်းဖြစ်မနေနဲ့၊ ဖြစ်ခဲ့တာတွေက ဖြစ်ခဲ့ပြီးပြီ၊ ဘာမှတတ်နိုင်တာမှမဟုတ်တာကွယ်၊ မာမီလည်း ငယ်ငယ်တုန်းကတော့ စိတ်ကူးယဉ်ခဲ့ဖူးတာပဲ၊ ချစ်သူနဲ့အတူတူ သာယာချမ်းမြေ့တဲ့ဘဝလေးကို ထူထောင်မယ်ဘာညာနဲ့ပေါ့၊ ဒါပေမဲ့ ဖြစ်မလာခဲ့ဘူး၊ သမီးအဘွားက ဂုဏ်တွေ၊ ပကာသနတွေကို မက်တော့ မာမီကို ဂုဏ်ပုံ၊ ငွေပုံ၊ ပကာသနပုံပေါ်မှာ အတင်းတင်ထားခဲ့တယ်၊ မာမီမညာချင်ဘူး စု၊ ဂုဏ်၊ ငွေ၊ ပကာသနတွေဟာ လူကိုယစ်မူးစေတာတော့ အမှန်ပဲ၊ မာမီလည်း ယစ်မူးခဲ့တာပါပဲလေ၊ ဒါပေမဲ့ အဲဒါတွေဟာ တကယ့်ရင်ထဲက ချမ်းမြေ့မှုကိုတော့ မပေးခဲ့ဘူး'

မာမီသည် စုလှိုင်၏ဆံစလေးများကို သပ်လိုက်သည်။ မာမီ၏မျက်နှာသည် ပြုံတော့မည့်မိုးလို ညိုမှိုင်းရီဝေနေသည်။

'မာမီ တစ်ခုပဲပြောမယ်သမီး၊ ဘယ်ယောကျ်ားကိုမှမယုံလေနဲ့၊ သူတို့ရဲ့မေတ္တာကိုလည်း ဘယ်တော့မှမယုံလေနဲ့၊ သူတို့ကိုလည်း ဘယ်တော့မှပြန်မချစ်လေနဲ့၊ မရခင်တစ်မျိုး၊ ရပြီးတော့တစ်မျိုး၊ အချိုးပြောင်းကြတာချည်းပဲ'

'ကောင်းတဲ့ယောကျ်ား မရှိနိုင်ဘူးလား မာမီရယ်''အင်း၊ ရှိချင်လည်း ရှိမှာပေါ့လေ၊ တစ်ဖက်သတ်ချည်းတော့ မပြောချင်ပါဘူး၊ ဒါပေမဲ့ မာမီတော့ ယောကျ်ားကောင်း ယောကျ်ားမြတ်ရယ်လို့ တစ်ခါမှ မတွေ့ခဲ့ဖူးပါဘူး'

မာမီကြီး၏အခန်းတွင် မီးရောင်ပျောက်သွားပေပြီ။ အိပ်ရာဝင်ပြီ ထင်ရသည်။ သို့တည်းမဟုတ် မီးမှိတ်ပြီး လူလုံးဖျောက်ကာ ရပ်ကြည့်နေခြင်း ဖြစ်ချင်လျှင်ဖြစ်နိုင်သေးသည်။

ခေါင်းရင်းခန်းရှိ ဘုရားခန်းတွင်မူ မှိန်ပျပျမီးလေးကို တွေ့ရသည်။ စုလှိုင်တို့အိမ်ရှိ ဘုရားရုပ်ပွားတော်လေးသည် မျက်နှာငယ်ရှာသည်။ တစ်အိမ်လုံးရှိသမျှ အိမ်သားများက မေ့လျော့ထားကြသော ကြောင့်ဖြစ်သည်။ မည်သူကမျှ နေ့စဉ် မှန်မှန် သတိတရ ရှိခိုးကန်တော့လေ့မရှိကြပေ။

'တစ်ခါတလေတော့ စိတ်ရှုပ်လောက်တယ်၊ ဘဝကို အစကနေသာပြန်ပြီးစလို့ရမယ်ဆိုရင်လေ မာမီဘယ်ယောကျ်ားကိုမှ မယူဘူး' 'ဘာဖြစ်လို့လဲ'

'စုကို ကိုယ်ဝန်ရှိတုန်းက မာမီဖျက်ချသေးတယ်ဆို'

စုသည် တိုးတိုးလေးမေးလိုက်မိသည်။ မာမီ၏မျက်နှာလေးသည် ဖြူရော်သွားပြီး သက်ပြင်းလေးရှိုက်လိုက်သည်။

'မာမီက သမီးဒက်ဒီကို အဲဒီတုန်းက မုန်းနေတာကိုး'

'မာမီရော၊ ဒက်ဒီရော မချစ်တတ်ကြဘူးနော်'

'အင်း မာမီက ချစ်တတ်ခဲ့ပေမယ့် နောက်တော့ ပြိုကွဲပြီး ချစ်တယ်ဆိုတာ ဘာလဲမေ့သွားတယ်၊ သမီးဒက်ဒီကတော့ နဂိုကတည်းက မေတ္တာတရားမရှိတဲ့ လူစားပဲ၊ သူ လုံးဝ မချစ်တတ်ဘူး'

> **"မာမီ တစ်ခုပဲပြောမယ်သမီး၊ ဘယ်ယောကျ်ားကိုမှ မယုံလေနဲ့၊ သူတို့ရဲ့မေတ္တာကိုလည်း ဘယ်တော့မှ မယုံလေနဲ့၊ သူတို့ကိုလည်း ဘယ်တော့မှပြန် မချစ်လေနဲ့၊ မရခင်တစ်မျိုး၊ ရပြီးတော့တစ်မျိုး၊ အချိုးပြောင်းကြတာချည်းပဲ . . ."**

'သူတို့ကိုသာ တစ်ယောက်ပြီးတစ်ယောက် အရှုံးဖြစ်အောင် လှည့်စားပစ်ပြီး ထိုင်ရယ်နေမှာပဲသိလား၊ သူတို့တွေဟာ ဒို့မိန်းမတွေရဲ့ မေတ္တာတွေ၊ စေတနာတွေနဲ့ တန်တာမဟုတ်ဘူး၊ အလကား တဏှာကျွန်တွေ၊ မာမီ လူတစ်ယောက်ကို ချစ်ခဲ့မိလို့ စိတ်ဒုက္ခရောက်ခဲ့ရတယ်၊ ဒါနဲ့ မပြီးသေးဘူး၊ နောက်တစ်ယောက်ကို ယူခဲ့မိလို့ စိတ်ဆင်းရဲရပြန်တယ်'

တိမ်ကြားထဲက ပြန်လည်ထွက်လာသော လပြည့်ဝန်း၏အလင်းရောင်သည် မာမီ၏မျက်နှာပေါ်သို့ ကျရောက်လာပြန်သည်။ စုလှိုင်သည် ပူလောင်ညစ်ထွေးနေသောစိတ်နှင့် မာမီကိုငေးကြည့်နေမိသည်။ နာနာကြည်းကြည်းပြောလိုက်သော မာမီ၏စကားသံလေးသည် သူ့နှလုံးသားထဲသို့ တသွင်သွင်စီးဝင်သွားသလို ခံစားရသည်။

မာမီက ဒက်ဒီကိုအပြစ်ဖို့ကာ ပြောသည်။ စုလှိုင်သည် ရုတ်တရက် မျက်ရည်လည်ကာ ချုံးပွဲချငိုလိုက်ချင်သလို ချောက်ချောက်ချားချား ဖြစ်လာလေသည်။

'စုကိုလည်း ပြောကြတယ် နှလုံးသားမရှိဘူးလားတဲ့' 'ဟုတ်လား'

'နှလုံးသားမရှိရင် သေရောပေါ့၊ အသက်ရှင်ဖို့အတွက်တော့ နှလုံးသားရှိရမှာပေါ့၊ ဒါပေမဲ့ ချစ်ဖို့အတွက်တော့ မရှိဘူးလို့ စုက ပြန်ပြောလိုက်တယ်'

စုသည် သူ့မျက်ရည်များကို လက်ဖမိုးနှင့် မသိမသာလေးပွတ်သုတ်လိုက်သည်။ ပျံ့ပျံ့သင်းသော နှင်းဆီရနံ့ကိုရှိုက်၍ရှူလိုက်သည်။

'ဘာလို့အဲဒီလိုပြောတာလဲစု''မာမီရယ်'

စုလှိုင်သည် တစ်ချက်ရှိုက်လိုက်မိသည်။ လုပ်မိလုပ်ရာ နှင်းဆီဖူးလေးကို ကုန်း၍ခူးကာ လက်ထဲတွင် တင်းတင်းဆုပ်ပြီးခြေမွပစ်လိုက်သည်။

'စု စာအုပ်တစ်အုပ်ထဲမှာဖတ်ဖူးတယ်၊ အချစ်မခံခဲ့ရတဲ့ကလေးဟာ မချစ်တတ်ဘူးတဲ့၊ စုရဲ့နှလုံးသားထဲမှာ မာမီကရော၊ ဒက်ဒီကရော ချစ်တတ်တဲ့မေတ္တာတရားလေးကို ထည့်မှ မပေးခဲ့ကြတာ' 'သမီး'

မာမီက ကယောင်ကတမ်းလေးအော်လိုက်သည်။ စုလှိုင်သည် သူ့လက်ထဲမှ နှင်းဆီပွင့်ဖတ်ကြေမွမွလေးများကို မြေပေါ်သို့ ပေါက်ကြဲချလိုက်ပြီး ရှိုက်သံနှင့် ပြောသည်။

'ဘယ်ယောကျ်ားကိုမှ မချစ်နဲ့လို့ မာမီက စုကိုသတိပေးနေတယ်၊ သတိပေးစရာမလိုပါဘူးမာမီရယ်၊ စုလေ ဘယ်သူ့ကိုမှ မချစ်ဘူးသိလား၊ ဘယ်သူ့ကိုမှလည်း မယုံဘူး၊ ယုံရအောင်လည်း မယုံတတ်ဘူး၊ ချစ်ရအောင်လည်း မချစ်တတ်ဘူး'

'သမီးရယ်'

မာမီသည် ခုံတန်းနောက်မှီလေးကို တင်းတင်းဆုပ်ကိုင်ရင်း ကြေကြေကွဲကွဲ ညည်းညူလိုက်သည်။ နှစ်ရှည်လများ မျက်ခြည်ပြတ်နေခဲ့သော သမီးငယ်သည် သူ့မိဘများကို စွဲချက်တင်လျက်ရှိပေပြီဟု ချောက်ချားစွာတွေးလိုက်မိလေသည်။

'လူတွေကို စု မယုံဘူး၊ လူတွေကို စု မချစ်ဘူး၊ ပျော်နေတဲ့၊ ရယ်နေတဲ့လူတွေကို စု မနာလိုဘူး၊ အို သူတို့တွေကို စု ကြည့်လို့မရဘူး၊ သူတို့ကို စု မုန်းတယ်'

စုလှိုင်သည် ငိုရှိုက်ရင်း နှင်းဆီပွင့်လေးများကို ရိုက်ခြွေလိုက်သည်။ ဖြူလွလွ ပွင့်ဖတ်လေးများသည် မြေပေါ်သို့လွင့်ကျသွားကြသည်။

'မုန်းတယ် သူတို့တွေအားလုံးကို စု သိပ်မုန်းတယ်'

စုလှိုင်သည် သူ့ဘက်သို့လွင့်လာသော နှင်းဆီပွင့်ဖတ်လေးများကို ဖိနပ်နှင့် ဖိပြီး နင်းခြေလိုက်သည်။

လသည် တိမ်ကြားသို့ ခိုဝင်သွားသည်။

ကြယ်ကလေးများပင် အရောင်မှိန်သွားသလို ထင်ရသည်။

သင်းပျံ့ပျံ့နှင်းဆီရနံ့လည်း မမွှေးတော့ပေ။

**ဆက်လက်ဖော်ပြပါမည်။**

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျွဲလမ်း-ကမ်းနားထိန်ငူ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

အိမ်မဲ ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျွဲလမ်း-ကမ်းနားထိန်ငူ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ဦးမင်းသိန်းနှင့် မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တို့က ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ဦးမင်းသိန်းက ကျွဲလမ်း-ကမ်းနားထိန်ငူ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်ပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက အဆိုပါ လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်သည်။

အဆိုပါ ကျွဲလမ်း-ကမ်းနားထိန်ငူ ကွန်ကရစ်လမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းခွင့်ပြုငွေ ငွေကျပ် ၁၃၂ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကွန်ကရစ်လမ်းသစ် ဖွင့်လှစ်နိုင်မှုကြောင့် အိမ်မဲမြို့နယ် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၁ ရွာမှ ဒေသခံပြည်သူများ ရာသီမရွေး သွားလာရေးလွယ်ကူချောမွေ့စေမည်ပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ နီကာရာဂွါသမ္မတနိုင်ငံ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စ ရိုဆာရီယို မူရီလိုတို့ထံမှ ပေးပို့သည့်ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် နီကာရာဂွါသမ္မတနိုင်ငံအစိုးရကိုယ်စား နီကာရာဂွါပြည်သူများနှင့် မိမိမှ အဆွေတော်နှင့် မြန်မာပြည်သူများအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နီကာရာဂွါအစိုးရအနေဖြင့် မြန်မာပြည်သူများ ခေတ်အဆက်ဆက်ထိန်းသိမ်းခဲ့သည့် အမျိုးသားရေးစရိုက်လက္ခဏာများကိုခိုင်မာစေသည့် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝမှု၊ ဘာသာတရားကိုင်းရှိုင်းမှုနှင့် ညီရင်းအစ်ကိုစိတ်ဓာတ်တို့အပေါ် အလေးအနက်အသိအမှတ်ပြု တန်ဖိုးထားပါသည်။

မိမိတို့အနေဖြင့် ယခုကဲ့သို့သောအခါသမယတွင် သာယာလှပသောမြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် မြန်မာပြည်သူများအားလုံး အပြန်အလှန်နားလည်မှုနှင့်ကောင်းကျိုးချမ်းသာများဖြင့် အနာဂတ်လမ်းခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်လေးစားမှုတို့ကို ခိုင်မာလာစေရေး ကတိကဝတ်ကို ထပ်လောင်းအတည်ပြုပါသည်။

ချစ်ခင်လေးစားရပါသော ညီအစ်ကိုရင်းချာ ယာယီသမ္မတကြီးခင်ဗျာ မြန်မာပြည်သူများအတွက်ပေးပို့သော နီကာရာဂွါပြည်သူများ၏ ချစ်ခင်ရင်းနှီးမှုကို လက်ခံပေးပါရန် ပြောကြားလိုပါသည်။

## စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး မြေချဉ်ငန်ကိန်း လက်တွေ့တိုင်းတာခြင်း လက်တွေ့သရုပ်ပြ



နေပြည်တော် ဇန်နဝါရီ ၇

မြေချဉ်ငန်ကိန်း လက်တွေ့တိုင်းတာခြင်းနှင့် ဓာတ်ခွဲနမူနာ၊ မြေသားနမူနာရယူဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးတောင်သူများကို လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာအုပ်စု ဘဲကုန်းကွင်း ကွင်းအမှတ် (၁၆၂၃/က)၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံများအထွက်နှုန်းကောင်းမွန်စေရန်အတွက် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဆီလွှာစစ်ဆေးခြင်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရန် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာအသုံးပြုရန် အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့်တာဝန်ရှိသူများက မြေ၏ ချဉ်ငန်ကိန်း၊ မြေတွင်းအာဟာရဆက်စပ်ပုံ၊ မျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ် မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် အာဟာရဓာတ်များ၏ အရေးပါမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများကို မြေချဉ်ငန်ကိန်းတိုင်းတာခြင်းစက်ဖြင့် မြေဆီလွှာ လက်တွေ့ စမ်းသပ်သရုပ်ပြတိုင်းတာခြင်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။ **အောင်သူရဦး(ဒက္ခိဏ)**

## ပဲခူးမြို့၌ ၂၀၂၅-၂၀၂၆ ခုနှစ် ပညာရေးစုံညီပွဲတော်ကျင်းပ



ပဲခူး ဇန်နဝါရီ ၇

၂၀၂၅-၂၀၂၆ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ပဲခူးမြို့ရှိ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လူမှုရေးရာဝန်ကြီးတို့က အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စုံညီပွဲတော် ဒို့နွဲပျော်" တေးသီချင်းဖြင့်သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗဟိုအဆင့်ဆုရရှိသူများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်အခြေခံပညာအထက်တန်းကျောင်းများမှကျောင်းသား၊ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ပြခန်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဥဿာတိုင်းသား**

## အရုဏ်ခရီးသည်များ

❒ နေမပွင့်မီ၊ မီးကိုယ်စီနှင့်
ရောင်နီယှက်သန်း၊ တောင်ပေါ်လမ်းမှ
စမ်းတဝါးဝါး၊ ဖြတ်ဆင်းသွားသည်....
ဘယ်နားကိုလဲ ဘယ်ကိုလဲ။

❒ မှုန်ရီဝိုးဝါး၊ အမှောင်ကြားမှာ
တက်များခတ်သံ၊ မြစ်ရိုးညံသည်....
ဘယ်သောင်ယံလဲ ဘယ်ကမ်းလဲ။

❒ နေ့လည်းမပီ၊ မှိုင်းပြာရီဆဲ
နွားညီနောင်ယှဉ်၊ ချူသံလွင်နှင့်
လှည်းယဉ်ကြော့စီး၊ သော့နှင်ပြီးလျှင်....
ဘယ်ခရီးလဲ ဘာတွက်လဲ။

❒ အားကိုးလောက်သူ၊ ဘယ်သူဘယ်ဝါ
ရွေးချယ်မှာမို့၊ ပြည်ရွာအဝန်း
ဆောင်းချမ်းချမ်းမှာ၊ ကိုယ့်လမ်းကိုယ်ဖောက်
ကိုယ်တိုင်ရောက်အောင်
ခြောက်နာရီအမီ မဲရုံဆီ။
သွားကြလေပေါ့ ဖြဖြညီ။
ကိုယ်စားလှယ်ကောင်း ရွေးကြမည်။
ရွှေပြည်သစ်ကို မှန်းမျှော်ရည်။ ။

**ကို(တက္ကသိုလ်)**

### မြဝတီရုပ်မြင်သံကြားအစီအစဉ် ၈-၁-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၁၁:၀၀ လူတိုင်းကျန်းမာသိမှတ်စရာ
၃။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၄။ ၁၆:၀၀ မျိုးချစ်တပ်မတော်
၅။ ၁၇:၀၀ ကျင့်ကြံပွားများလိုက်နာစရာ (၃၈)ဖြာမင်္ဂလာ
၆။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၇။ ၁၈:၁၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၈။ ၁၈:၂၀ ပြည်သူ့ကြားက ပြည်သူ့စကား
၉။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း အရုပ်မျက်နှာ ပန်းမျက်နှာ သရုပ်ဆောင် နေရောင်၊ မုဏ်း ဒါရိုက်တာ အကယ်ဒမီ တင်အောင်စိုး (ပန်းမြို့တော်)**
၁၀။ ည ၈ နာရီ သတင်းအပြီး အမျိုးသားရေးတေးကဗျာ
၁၁။ အတွေးအမြင်
၁၂။ မြဝတီရုပ်မြင်သံကြားသတင်း

### MWD Variety Channel ၈-၁-၂၀၂၆ (ကြာသပတေးနေ့)

၁။ ၀၉:၅၀ သတိမမူ ဂူမမြင်
၂။ ၁၀:၄၅ ဖန်တီးသူတို့အနုပညာ
၃။ ၁၁:၃၀ ကဗျာအလှ ရသလွှင်ပြင်
၄။ ၁၂:၁၅ Variety Choice

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမြို့ကြီးများ၏ရွာသွန်းသော မိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာ ခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ပုံ(၁)

ပုံ(၂)၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း စခန်း ၃ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်း ရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃ စခန်းတို့မှရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

**၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ကျိုင်းတုံ | ၆.၆ |
| ၂ | မှော်ဘီ | ၇.၁ |
| ၃ | ကော့သောင်း | ၆.၅ |

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့် တိုင်းတာသည့်ကိရိယာ(FPM–377C) ဖြင့် လေထုအတွင်း (2.5µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (Compact Air Quality Monitoring Station – AQM65)ဖြင့် မျက်နှာပြင်အိုဇုန်း($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့် တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ ဒီဇင်ဘာလအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံးနှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ ($PM_{2.5}$) မှာ အသင့်အတင့်အဆင့်၌ ၂၃ ရက်စီနှင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၈ ရက်စီရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ




ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ




ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း($O_3$)ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

**လေအရည်အသွေးအညွှန်းကိန်း(AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ် မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှု ကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက် နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

❖ **ရှေ့ဖုံးမှအဆက်**

| | | | | |
|---|---|---|---|---|
| (၂) | ဦးအောင်ထွဋ် | ၆/ကသန(နိုင်)၀၀၃၅၂၃ | ကျိုက်မရောမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးအောင်ကြည်သိန်း | ၁၂/မရက(နိုင်)၀၁၈၁၅၀ | ချောင်းဆုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးတင်ဇော်ထွန်း | ၁၀/မလမ(နိုင်)၀၉၅၄၃၆ | မော်လမြိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဒေါ်လေးမိုးသူ | ၁၀/သထန(နိုင်)၀၈၆၃၈၃ | သထုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၆) | ဒေါ်သီသီမွန် | ၁၂/ကမရ(နိုင်)၀၅၀၀၄၂ | ကမာရွတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးသိန်းနိုင် | ၁၂/ကတတ(နိုင်)၀၀၁၉၆၂ | ကျောက်တံတားမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးဝင်းသက် | ၁၂/တကန(နိုင်)၁၀၁၀၆၇ | တိုက်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးနေဝင်း | ၁၂/တတန(နိုင်)၀၁၇၀၄၅ | တွံတေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးစိုးယု | ၁၂/ကမရ(နိုင်)၀၃၇၁၆၀ | ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးအောင်မိုးကျော် | ၁၃/ရစန(နိုင်)၀၀၄၈၃၅ | ဗိုလ်တထောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးမင်းသိန်းထွန်း | ၈/ရစက(နိုင်)၀၉၅၃၃၈ | မရမ်းကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးမျိုးမင်းနိုင် | ၁၂/မဂဒ(နိုင်)၁၀၄၆၆၅ | မင်္ဂလာဒုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးကြည်မြင့် | ၁၂/မဘန(နိုင်)၀၁၇၁၈၆ | မှော်ဘီမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးနိုင်ဝင်း | ၁၂/မဂတ(နိုင်)၀၀၀၁၁၇ | သဃ်န်းကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးရန်မျိုးအောင် | ၁၄/ဖပန(နိုင်)၁၄၀၉၂၈ | သန်လျင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဒေါ်ဇင်ဇင်မျိုးထွန်း | ၁၂/ကမတ(နိုင်)၀၆၄၅၉၅ | အလုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၁၈) | ဦးအာကာလင်း | ၁၃/လရန(နိုင်)၁၂၃၇၈၀ | ပင်းတယမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ခွန်ညိုမောင် | ၁၃/ဆဆန(နိုင်)၀၅၅၄၁၇ | ဟိုပုံးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးကျော်အောင်သန်း | ၁၃/နခတ(နိုင်)၀၀၃၄၀၅ | နောင်ချိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | စိုင်းဟွမ်နွဲ့ | ၁၃/ကတန(နိုင်)၀၀၆၀၀၆ | ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | စိုင်းအွန်ခမ်း | ၁၃/တခလ(နိုင်)၀၄၁၃၃၄ | တာချီလိတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ခွန်ကြည် | ၁၃/တကန(နိုင်)၂၀၉၃၈၅ | တောင်ကြီးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |
| (၂၄) | ဦးလင်းအောင်ဆွေ | ၁၂/ဒဂန(နိုင်)၀၁၆၁၉၆ | နမ့်စန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးနော်တောင် | ၁၃/မဆတ(နိုင်)၀၃၃၈၈၄ | မူဆယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | စိုင်းခတ္တိယ | ၁၃/မဆန(နိုင်)၀၁၂၃၅၁ | မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဒေါက်တာလဆိုင်း | ၁၃/လရန(နိုင်)၀၀၇၁၄၂ | လားရှိုးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | စိုင်းကျော်ဌေး | ၁၃/လခတ(နိုင်)၀၀၁၃၅၂ | လင်းခေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ခွန်သက်နိုင် | ၁၃/လလန(နိုင်)၀၇၀၀၄၃ | လွိုင်လင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ |

**ဧရာဝတီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၃၀) | ဦးမြင့်ကြိုင် | ၁၄/ကပန(နိုင်)၀၀၅၄၂၇ | ကျုံပျော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးအေးကျော် | ၇/တငန(နိုင်)၁၁၆၀၀၁ | ပုသိမ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးစောသောင်းဒန် | ၁၄/မအပ(နိုင်)၀၃၉၉၉၇ | မအူပင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးစိုးနိုင် | ၁၄/မမန(နိုင်)၁၁၀၄၈၄ | မြောင်းမြမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးစိုးပိုင် | ၁၄/ကခန(နိုင်)၀၂၃၆၉၃ | ကြံခင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဦးမျိုးမင်းသန်း | ၁၄/မအန(နိုင်)၁၄၈၅၀၀ | မြန်အောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးစန်းမင်း | ၁၄/လပတ(နိုင်)၀၁၁၀၀၁ | လပွတ္တာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးအေးဟန် | ၁၄/ဟသတ(နိုင်)၀၉၄၇၂၇ | ဟင်္သာတမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

● **ပွင့်ဖြူမြို့နယ်မှ**

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီကုလားပဲ ၅၂၀၅၁ ဧက လျာထား စိုက်ပျိုးဆောင်ရွက်ခဲ့ရာ ဒီနေ့မှာ ၅၇၁၂၀ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာနိုင်ပါတယ်။ ကုလားပဲစိုက်ပျိုးတောင်သူတွေကို အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက်လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးနည်းစနစ်တွေနဲ့ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုမိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့်ကုလားပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ(အပိုင်း ၁) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | မွန်ပြည်နယ် | | | | | | |
| ၁ | ကျိုက်ထို | | | ၂၀၉၇၀ | ၂၃၇၈ | ၂၃၃၄၈ | |
| | | ဦးဇေယျာဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၇၀၉ | ၁၉၁၆ | ၉၆၂၅ | ၄၁.၂၂% |
| | | ဦးရဲခန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉၄၄ | ၁၈၀ | ၄၁၂၄ | ၁၇.၆၆% |
| | | ဒေါ်တင်တင်နွယ် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၄၅၇ | ၅၇ | ၃၅၁၄ | ၁၅.၀၅% |
| | | ဦးကျော်ဝင်းထွန်း | မွန်ညီညွတ်ရေးပါတီ | ၂၆၇၁ | ၉၃ | ၂၇၆၄ | ၁၁.၈၄% |
| | | ဦးဝင်းကြည်(ခ)မင်းကြည် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၃၉ | ၆၈ | ၁၉၀၇ | ၈.၁၇% |
| | | ဒေါ်သွယ်သွယ်ဦး | ပြည်သူ့ပါတီ | ၁၃၅၀ | ၆၄ | ၁၄၁၄ | ၆.၀၆% |
| ၂ | ကျိုက်မရော | | | ၁၆၄၀၉ | ၄၆၆၃ | ၂၁၀၇၂ | |
| | | ဦးအောင်ထွဋ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၀၀ | ၄၂၀၄ | ၁၀၀၀၄ | ၄၇.၄၇% |
| | | ဒေါက်တာနိုင်လှအောင် | မွန်ညီညွတ်ရေးပါတီ | ၄၆၆၉ | ၂၂၃ | ၄၈၉၂ | ၂၃.၂၂% |
| | | ဦးအောင်ဇော်စိုး | ပြည်သူ့ပါတီ | ၂၀၆၉ | ၆၅ | ၂၁၃၄ | ၁၀.၁၃% |
| | | ဒေါ်ကြူကြူမွေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၁၈၃၈ | ၅၇ | ၁၈၉၅ | ၈.၉၉% |
| | | ဦးဘိုးပိန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၃၆ | ၆၇ | ၁၃၀၃ | ၆.၁၈% |
| | | ဦးအောင်တင်ထူး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၇ | ၄၇ | ၈၄၄ | ၄.၀၁% |
| ၃ | ချောင်းဆုံ | | | ၄၈၆၃၈ | ၂၉၇၉ | ၅၁၆၁၇ | |
| | | ဦးအောင်ကြည်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၉၆၁ | ၂၁၇၀ | ၂၁၁၃၁ | ၄၀.၉၄% |
| | | ဦးနိုင်ထွန်းဦး | မွန်ညီညွတ်ရေးပါတီ | ၂၀၀၃၂ | ၅၈၃ | ၂၀၆၁၅ | ၃၉.၉၄% |
| | | ဒေါ်စီစီမာ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၇၉၂ | ၉၀ | ၃၈၈၂ | ၇.၅၂% |
| | | ဦးကျော်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၅၈၃ | ၈၄ | ၃၆၆၇ | ၇.၁၀% |
| | | ဦးခန့်ကိုကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၂၇၀ | ၅၂ | ၂၃၂၂ | ၄.၅၀% |
| ၄ | မော်လမြိုင် | | | ၈၅၃၉၅ | ၅၃၇၅ | ၉၀၇၇၀ | |
| | | ဦးတင်ဇော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၄၇၉ | ၃၉၉၇ | ၃၂၄၇၆ | ၃၅.၇၈% |
| | | ဦးနေလင်းကျော် | မွန်ညီညွတ်ရေးပါတီ | ၂၆၀၇၅ | ၅၃၃ | ၂၆၆၀၈ | ၂၉.၃၁% |
| | | ဦးသန်းအောင် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၈၂၃၃ | ၁၇၁ | ၈၄၀၄ | ၉.၂၆% |
| | | ဦးမျိုးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၁၀၄ | ၂၁၇ | ၆၃၂၁ | ၆.၉၆% |
| | | ဦးအောင်ထွန်းမြင့် | ပြည်သူ့ပါတီ | ၄၇၄၉ | ၁၄၃ | ၄၈၉၂ | ၅.၃၉% |
| | | ဦးဟိန်းလင်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၂၆ | ၁၄၅ | ၄၆၇၁ | ၅.၁၅% |
| | | ခွန်ကျော်ဆန်း | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၈၆၉ | ၁၁၉ | ၃၉၈၈ | ၄.၃၉% |
| | | ဦးဇော်မျိုးလတ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၃၆၀ | ၅၀ | ၃၄၁၀ | ၃.၇၆% |
| ၅ | သထုံ | | | ၄၁၆၀၉ | ၄၂၄၇ | ၄၅၈၅၆ | |
| | | ဒေါ်လေးမိုးသူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၀၅၉ | ၃၃၂၅ | ၁၆၃၈၄ | ၃၅.၇၃% |
| | | ခွန်သက်မောင်မောင် | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၆၆၄ | ၂၁၁ | ၇၈၇၅ | ၁၇.၁၇% |
| | | ဒေါ်စုမြတ်သွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၄၅၁ | ၁၉၃ | ၆၆၄၄ | ၁၄.၄၉% |
| | | ဦးဝင်းဇော်ဦး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၅၈၃၀ | ၂၇၅ | ၆၁၀၅ | ၁၃.၃၁% |
| | | ဦးဟန်ဝင်းအောင် | မွန်ညီညွတ်ရေးပါတီ | ၃၄၄၄ | ၁၁၅ | ၃၅၅၉ | ၇.၇၆% |
| | | ဦးယဉ်ဝင်းနိုင် | ပြည်သူ့ပါတီ | ၂၈၅၁ | ၆၂ | ၂၉၁၃ | ၆.၃၅% |
| | | ဦးဝင်းမင်းဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၃၁၀ | ၆၆ | ၂၃၇၆ | ၅.၁၉% |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၆ | ကမာရွတ် | | | ၁၂၈၄၅ | ၉၀၉ | ၁၃၇၅၄ | |
| | | ဒေါ်သီသီမွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၄၁ | ၆၂၉ | ၅၀၇၀ | ၃၆.၈၆% |
| | | ဦးမြင့်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၂၀ | ၆၆ | ၂၄၈၆ | ၁၈.၀၇% |
| | | ဦးထင်လင်းအောင် | ပြည်သူ့ပါတီ | ၁၈၁၆ | ၅၈ | ၁၈၇၄ | ၁၃.၆၃% |
| | | ဒေါ်အေးစန္ဒာမြင့် | တစ်သီးပုဂ္ဂလ | ၁၆၀၄ | ၆၃ | ၁၆၆၇ | ၁၂.၁၂% |
| | | ဦးသူထက်ကျော်လွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၆၀ | ၆၂ | ၁၆၂၂ | ၁၁.၇၉% |
| | | ဒေါ်စောစန္ဒာမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၀၄ | ၃၁ | ၁၀၃၅ | ၇.၅၃% |
| ၇ | ကျောက်တံတား | | | ၆၄၀၈ | ၇၃၈ | ၇၁၄၆ | |
| | | ဦးသိန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၀၂ | ၅၈၃ | ၃၅၈၅ | ၅၀.၁၇% |
| | | ဦးကိုကိုနိုင် | ပြည်သူ့ပါတီ | ၁၀၇၈ | ၅၂ | ၁၁၃၀ | ၁၅.၈၁% |
| | | ဦးတင်ဓာလီဝင်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၈၉ | ၂၉ | ၇၁၈ | ၁၀.၀၅% |
| | | ဦးမြသိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၈၆ | ၃၀ | ၆၁၆ | ၈.၆၂% |
| | | ဦးချစ်သက်ပိုင်ဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅၂ | ၂၄ | ၅၇၆ | ၈.၀၆% |
| | | ဦးမြင့်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၀၁ | ၂၀ | ၅၂၁ | ၇.၂၉% |

စာမျက်နှာ ၉ သို့ ❐

❐ စာမျက်နှာ ၈ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၈ | တိုက်ကြီး | | | ၁၁၆၄၀၇ | ၁၆၇၂၀ | ၁၃၃၁၂၇ | |
| | | ဦးဝင်းသက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၈၉၁၉ | ၁၁၉၅၀ | ၅၀၈၆၉ | ၃၈.၂၁% |
| | | ဒေါ်အေးအေးပို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၃၁၃ | ၁၄၂၁ | ၁၉၇၃၄ | ၁၄.၈၂% |
| | | ဦးကျော်ကျော်လင်း | ပြည်သူ့ပါတီ | ၁၃၂၆၄ | ၇၅၇ | ၁၄၀၂၁ | ၁၀.၅၃% |
| | | ဦးမင်းနိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၉၈၃ | ၅၁၄ | ၁၁၄၉၇ | ၈.၆၄% |
| | | ဦးမျိုးဇော်ထွေး | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၈၈၉ | ၅၂၃ | ၉၄၁၂ | ၇.၀၇% |
| | | ဦးနေဇာလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၈၄၂ | ၆၂၈ | ၈၄၇၀ | ၆.၃၆% |
| | | ဦးမှူးတင်အောင်နိုင်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၃၇ | ၄၀၂ | ၇၆၃၉ | ၅.၇၄% |
| | | ဒေါ်ခင်စန်းဝင်း | ဒီမိုကရက်တစ်ပါတီ | ၅၈၆၆ | ၂၂၄ | ၆၀၉၀ | ၄.၅၈% |
| | | ဒေါ်နွေဦးမွန် | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၅၀၉၄ | ၃၀၁ | ၅၃၉၅ | ၄.၀၅% |
| ၉ | တွံတေး | | | ၁၀၈၈၀၂ | ၄၉၅၇ | ၁၁၃၇၅၉ | |
| | | ဦးနေဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၂၃၇ | ၃၄၁၉ | ၄၅၆၅၆ | ၄၀.၁၃% |
| | | ဦးဗညားဆွေထွန်း | ဇာမျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၇၈၁၀ | ၅၆၂ | ၂၈၃၇၂ | ၂၄.၉၄% |
| | | ဒေါ်တင်ထားဝေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၃၈၂ | ၃၁၉ | ၉၇၀၁ | ၈.၅၃% |
| | | ဦးဇော်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၁၉ | ၃၀၉ | ၉၆၂၈ | ၈.၄၆% |
| | | ဒေါ်မျိုးပပအောင် | ပြည်သူ့ပါတီ | ၈၀၉၂ | ၁၁၇ | ၈၂၀၉ | ၇.၂၂% |
| | | ဦးမျိုးကိုကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၁၃၄ | ၉၅ | ၇၂၂၉ | ၆.၃၆% |
| | | ဦးဝင်းဇော် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၈၂၈ | ၁၃၆ | ၄၉၆၄ | ၄.၃၆% |
| ၁၀ | ဒဂုံမြို့သစ်(တောင်ပိုင်း) | | | ၈၁၇၁၄ | ၂၃၃၅ | ၈၄၀၄၉ | |
| | | ဦးစိုးယု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၄၈၆ | ၁၇၂၃ | ၃၀၂၀၉ | ၃၅.၉၄% |
| | | ဒေါ်နွယ်နီကျော် | ပြည်သူ့ပါတီ | ၁၂၄၈၃ | ၁၁၃ | ၁၂၅၉၆ | ၁၄.၉၉% |
| | | ဦးကျော်ရဲပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၁၃၅ | ၁၆၃ | ၁၁၂၉၈ | ၁၃.၄၄% |
| | | ဦးနေဇော်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၀၃၀ | ၁၂၈ | ၁၁၁၅၈ | ၁၃.၂၈% |
| | | ဦးသန့်ဇော်မိုး | တစ်သီးပုဂ္ဂလ | ၇၆၇၁ | ၁၂၂ | ၇၇၉၃ | ၉.၂၇% |
| | | ဦးချမ်းဝင်းဟန် | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၆၀ | ၆၇ | ၅၆၂၇ | ၆.၆၉% |
| | | ဦးနေလင်းထွဋ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၃၄၉ | ၁၉ | ၅၃၆၈ | ၆.၃၉% |
| ၁၁ | ဗိုလ်တထောင် | | | ၁၂၀၄၄ | ၃၀၁၃ | ၁၅၀၅၇ | |
| | | ဦးအောင်မိုးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၅၈၁ | ၂၈၆၃ | ၈၄၄၄ | ၅၆.၀၈% |
| | | ဒေါ်ခင်မျိုးထက် | ပြည်သူ့ပါတီ | ၂၅၂၂ | ၅၈ | ၂၅၈၀ | ၁၇.၁၄% |
| | | ဒေါ်သင်းသင်းမျိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၆၆ | ၄၄ | ၂၁၁၀ | ၁၄.၀၁% |
| | | ဦးနန်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၇၅ | ၄၈ | ၁၉၂၃ | ၁၂.၇၇% |
| ၁၂ | မရမ်းကုန်း | | | ၄၀၀၇၀ | ၂၉၈၁ | ၄၃၀၅၁ | |
| | | ဦးမင်းသိန်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၅၈၅ | ၂၄၅၃ | ၁၉၀၃၈ | ၄၄.၂၂% |
| | | ဒေါ်ဝါဝါလွင် | ပြည်သူ့ပါတီ | ၅၈၅၇ | ၁၀၀ | ၅၉၅၇ | ၁၃.၈၄% |
| | | ဒေါ်နီနီစော | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၆၂ | ၁၅၉ | ၅၆၂၁ | ၁၃.၀၆% |
| | | ဒေါ်လှသိန်းဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၂၁ | ၁၂၁ | ၅၁၄၂ | ၁၁.၉၄% |
| | | ဒေါ်သဉ္ဇာသိမ့်သိမ့်လှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၁၃၆ | ၉၆ | ၄၂၃၂ | ၉.၈၃% |
| | | ဒေါ်မီမီစိုးမင်း | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၀၉ | ၅၂ | ၃၀၆၁ | ၇.၁၁% |
| ၁၃ | မင်္ဂလာဒုံ | | | ၉၂၉၃၆ | ၁၁၆၈၃ | ၁၀၄၆၁၉ | |
| | | ဦးမျိုးမင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၅၉၈ | ၁၀၀၉၅ | ၅၂၆၉၃ | ၅၀.၃၇% |
| | | ဒေါ်ကျော့အိအိဇင် | ပြည်သူ့ပါတီ | ၁၂၄၁၃ | ၃၁၀ | ၁၂၇၂၃ | ၁၂.၁၆% |
| | | ဦးပြည့်ဖြိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၆၅၀ | ၃၈၄ | ၁၁၀၃၄ | ၁၀.၅၅% |
| | | ဦးစိုးဝင်းအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၀၄၃ | ၃၆၆ | ၁၀၄၀၉ | ၉.၉၅% |
| | | ဦးညီညီထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၆၄ | ၂၀၆ | ၆၆၇၀ | ၆.၃၇% |
| | | ဦးဇော်ဇော်ထက် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၀၇ | ၁၄၂ | ၅၇၄၉ | ၅.၄၉% |
| | | ဒေါ်မြတ်ဆုမွန် | တစ်သီးပုဂ္ဂလ | ၅၁၆၁ | ၁၈၀ | ၅၃၄၁ | ၅.၁၁% |
| ၁၄ | မှော်ဘီ | | | ၁၀၃၈၁၁ | ၁၃၁၀၅ | ၁၁၆၉၁၆ | |
| | | ဦးကြည်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၇၈၂၇ | ၁၁၀၄၀ | ၅၈၈၆၇ | ၅၀.၃၅% |
| | | ဦးဝင်းတင် | ပြည်သူ့ပါတီ | ၁၂၃၈၀ | ၃၇၆ | ၁၂၇၅၆ | ၁၀.၉၁% |
| | | ဒေါ်စောယုနန္ဒာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၀၇၈ | ၅၇၇ | ၁၁၆၅၅ | ၉.၉၇% |
| | | ဒေါ်ယဉ်ယဉ်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၂၃ | ၄၉၆ | ၁၀၀၁၉ | ၈.၅၇% |
| | | ဒေါ်ခင်ခင်လှိုင် | ဒီမိုကရက်တစ်ပါတီ | ၆၅၁၃ | ၁၅၇ | ၆၆၇၀ | ၅.၇၀% |
| | | ဒေါ်အေးအေးသွယ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၃၄ | ၁၂၉ | ၅၇၆၃ | ၄.၉၃% |
| | | ဦးလှိုင်ဘွား | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၅၁ | ၁၂၉ | ၄၀၈၀ | ၃.၄၉% |
| | | ဦးသန်းအုန်း | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၅၃ | ၁၂၅ | ၄၀၇၈ | ၃.၄၉% |
| | | ဒေါ်သဉ္ဇာထွေး | မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ | ၂၉၅၂ | ၇၆ | ၃၀၂၈ | ၂.၅၉% |
| ၁၅ | သင်္ဃန်းကျွန်း | | | ၄၄၆၃၆ | ၂၀၃၈ | ၄၆၆၇၄ | |
| | | ဦးနိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၅၉၁ | ၁၂၁၉ | ၁၅၈၁၀ | ၃၃.၈၇% |

စာမျက်နှာ ၁၀ သို့ ❐

❐ စာမျက်နှာ ၉ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဦးစိုးထက်ဝင်း | ပြည်သူ့ပါတီ | ၆၉၄၉ | ၁၆၉ | ၇၁၁၈ | ၁၅.၂၅% |
| | | ဦးတင်ကိုကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၂၀၆ | ၁၇၉ | ၅၃၈၅ | ၁၁.၅၃% |
| | | ဦးပြည့်ဖြိုးပိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၃၉ | ၁၅၀ | ၄၆၈၉ | ၁၀.၀၅% |
| | | ဦးအောင်ကိုကိုဖုန်း | တစ်သီးပုဂ္ဂလ | ၄၁၀၈ | ၇၄ | ၄၁၈၂ | ၈.၉၆% |
| | | ဒေါ်မြင့်မြင့်မေ | တစ်သီးပုဂ္ဂလ | ၃၄၄၉ | ၉၇ | ၃၅၄၆ | ၇.၆၀% |
| | | ဒေါ်ခိုင်စပါယ် | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၄၂ | ၇၂ | ၃၀၁၄ | ၆.၄၆% |
| | | ဦးသန့်ဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၅၂ | ၇၈ | ၂၉၃၀ | ၆.၂၈% |
| ၁၆ | **သန်လျင်** | | | ၁၀၅၁၁၆ | ၉၆၂၀ | ၁၁၄၇၃၆ | |
| | | ဦးရန်မျိုးအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၅၁၆၈ | ၇၈၂၀ | ၅၂၉၈၈ | ၄၆.၁၈% |
| | | ဦးမြင့်သန်း | ပြည်သူ့ပါတီ | ၁၇၅၁၇ | ၄၄၉ | ၁၇၉၆၆ | ၁၅.၆၆% |
| | | ဦးဇာနည်တင့်ဝေ(ခ)ကောင်းမင်းခန့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၂၉၈ | ၆၂၆ | ၁၇၉၂၄ | ၁၅.၆၂% |
| | | ဒေါ်ယုယုခိုင် | ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၃၈၀၂ | ၄၁၄ | ၁၄၂၁၆ | ၁၂.၃၉% |
| | | ဦးခင်ဇော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၃၁ | ၃၁၁ | ၁၁၆၄၂ | ၁၀.၁၅% |
| ၁၇ | **အလုံ** | | | ၈၉၈၁ | ၁၀၁၂ | ၉၉၉၃ | |
| | | ဒေါ်ဇင်ဇင်မျိုးထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၃၅ | ၅၀၇ | ၃၃၄၂ | ၃၃.၄၄% |
| | | ဦးခင်မောင်ဝင်း | ပြည်သူ့ပါတီ | ၂၄၄၁ | ၁၆၄ | ၂၆၀၅ | ၂၆.၀၇% |
| | | ဒေါ်အေးစန္ဒာမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၁ | ၁၈၃ | ၂၃၈၄ | ၂၃.၈၆% |
| | | ဦးနန္ဒမျိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၀၄ | ၁၅၈ | ၁၆၆၂ | ၁၆.၆၃% |
| | **ရှမ်းပြည်နယ်** | | | | | | |
| ၁၈ | **ပင်းတယ** | | | ၄၄၁၆၀ | ၂၉၈၅ | ၄၇၁၄၅ | |
| | | ဦးအာကာလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၀၄၂ | ၁၉၅၂ | ၂၂၉၉၄ | ၄၈.၇၇% |
| | | ဦးစိန်ဝင်း(ခ)ဦးမျိုးသိန်း | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၇၆၅၈ | ၈၄၁ | ၁၈၄၉၉ | ၃၉.၂၄% |
| | | ဦးကျော်ထွေး | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၅၉၁ | ၁၀၇ | ၃၆၉၈ | ၇.၈၄% |
| | | ဦးဝင်းသော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၆၉ | ၈၅ | ၁၉၅၄ | ၄.၁၅% |
| ၁၉ | **ဟိုပုံး** | | | ၄၂၁၁၇ | ၄၂၉၆ | ၄၆၄၁၃ | |
| | | ခွန်ညီမောင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃၃၂၄၃ | ၁၄၈၃ | ၃၄၇၂၆ | ၇၄.၈၂% |
| | | ဦးမောင်မောင်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၇၆ | ၂၆၂၃ | ၈၈၉၉ | ၁၉.၁၇% |
| | | ဦးထွန်းမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၉၈ | ၁၉၀ | ၂၇၈၈ | ၆.၀၁% |
| ၂၀ | **နောင်ချို** | | | ၄၃၂၀၉ | ၅၃၈၇ | ၄၈၅၉၆ | |
| | | ဦးကျော်အောင်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၂၉၇ | ၄၄၅၆ | ၂၅၇၅၃ | ၅၃.၀၀% |
| | | ဦးစည်သူဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၆၅၇ | ၅၁၀ | ၁၁၁၆၇ | ၂၂.၉၈% |
| | | ဦးထိန်လင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၅၄၁ | ၂၆၀ | ၇၈၀၁ | ၁၆.၀၅% |
| | | ဒေါ်စိုးသီရိဇာ | တစ်သီးပုဂ္ဂလ | ၃၇၁၄ | ၁၆၁ | ၃၈၇၅ | ၇.၉၇% |
| ၂၁ | **ကျိုင်းတုံ** | | | ၄၃၈၅၂ | ၉၉၂၄ | ၅၃၇၇၆ | |
| | | စိုင်းဟွမ်နွံ့ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၉၀၇ | ၈၂၄၂ | ၃၃၁၄၉ | ၆၁.၆၄% |
| | | စိုင်းစိုးမိုးအေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၉၆၃ | ၆၈၁ | ၉၆၄၄ | ၁၇.၉၃% |
| | | ဒေါ်နာလူးဒီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၀၃ | ၃၉၅ | ၅၂၉၈ | ၉.၈၅% |
| | | ဦးအားဂျေ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၉၃ | ၃၂၅ | ၂၉၁၈ | ၅.၄၃% |
| | | ဦးဟင်နရီ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၄၈၆ | ၂၈၁ | ၂၇၆၇ | ၅.၁၅% |
| ၂၂ | **တာချီလိတ်** | | | ၅၄၉၉၅ | ၄၇၇၈ | ၅၉၇၇၃ | |
| | | စိုင်းအွန်ခမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၂၆၃ | ၃၆၅၀ | ၂၅၉၁၃ | ၄၃.၃၅% |
| | | ဦးစံဝင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၄၈၅၈ | ၇၂၇ | ၂၅၅၈၅ | ၄၂.၈၁% |
| | | ဦးအားဂျူး | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၇၄၂ | ၂၂၅ | ၄၉၆၇ | ၈.၃၁% |
| | | ဒေါ်ဒီးလာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၁၃၂ | ၁၇၆ | ၃၃၀၈ | ၅.၅၃% |
| ၂၃ | **တောင်ကြီး** | | | ၁၇၁၃၇၇ | ၁၂၉၀၀ | ၁၈၄၂၇၇ | |
| | | ခွန်ကြည် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇၅၆၀၁ | ၂၆၄၄ | ၇၈၂၄၅ | ၄၂.၄၆% |
| | | ဦးအောင်သူရှင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၆၆၄၄ | ၇၅၄၁ | ၄၄၁၈၅ | ၂၃.၉၈% |
| | | ဒေါ်မိုးအိအိဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၁၁၄ | ၅၅၇ | ၁၂၆၇၁ | ၆.၈၈% |
| | | ဒေါ်ခင်သက်နွယ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၉၂၃ | ၄၆၄ | ၁၁၃၈၇ | ၆.၁၈% |
| | | ဒေါ်ခင်သီတာထွန်း | ပြည်သူ့ပါတီ | ၈၈၆၉ | ၂၇၉ | ၉၁၄၈ | ၄.၉၆% |
| | | ဦးတင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၄၃၈ | ၃၉၂ | ၈၈၃၀ | ၄.၇၉% |
| | | ဦးမျိုးကျော် | ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၆၈၇၆ | ၃၁၃ | ၇၁၈၉ | ၃.၉၀% |
| | | ဒေါ်တင်မမမောင် | တစ်သီးပုဂ္ဂလ | ၄၄၇၃ | ၂၄၄ | ၄၇၁၇ | ၂.၅၆% |
| | | ဦးအောင်ကြည်ဦး | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၄၁၁၉ | ၂၉၈ | ၄၄၁၇ | ၂.၄၀% |
| | | ဦးဝဏ္ဏဖိုးလ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၃၂၀ | ၁၆၈ | ၃၄၈၈ | ၁.၈၉% |
| ၂၄ | **နမ့်စန်** | | | ၃၅၃၁၇ | ၅၁၉၀ | ၄၀၅၀၇ | |
| | | ဦးလင်းအောင်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၅၇၉ | ၄၆၃၃ | ၂၄၂၁၂ | ၅၉.၇၇% |
| | | ဒေါ်ပိုးနှင်းဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၆၇၃ | ၃၉၄ | ၁၁၀၆၇ | ၂၇.၃၂% |

စာမျက်နှာ ၁၁ သို့ ❐

❐ စာမျက်နှာ ၁၀ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | နန်းဖြူဖြူမြင့် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၅၀၆၅ | ၁၆၃ | ၅၂၂၈ | ၁၂.၉၁% |
| ၂၅ | မူဆယ် | | | ၂၂၅၉၂ | ၁၉၈၆ | ၂၄၅၇၈ | |
| | | ဦးနော်တောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၈၈၁ | ၁၆၇၀ | ၁၂၅၅၁ | ၅၁.၀၇% |
| | | ဦးစိုင်းသန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၇၁၁ | ၃၁၆ | ၁၂၀၂၇ | ၄၈.၉၃% |
| ၂၆ | မိုင်းဆတ် | | | ၃၃၇၃၆ | ၄၆၃၄ | ၃၈၃၇၀ | |
| | | စိုင်းခတ္တိယ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၅၂၇၀ | ၄၀၈၃ | ၂၉၃၅၃ | ၇၆.၅၀% |
| | | စိုင်းဖူးလူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၉၃ | ၂၀၂ | ၃၇၉၅ | ၉.၉၀% |
| | | စိုင်းမိုင်းဟန် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၃၃ | ၂၅၅ | ၃၃၈၈ | ၈.၈၃% |
| | | ဒေါ်လားလာ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၄၀ | ၉၄ | ၁၈၃၄ | ၄.၇၇% |
| ၂၇ | လားရှိုး | | | ၂၉၈၅၀ | ၅၇၁၃ | ၃၅၅၆၃ | |
| | | ဒေါက်တာလဆိုင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၀၉၁ | ၄၅၄၂ | ၂၀၆၃၃ | ၅၈.၀၂% |
| | | ဦးစိုင်းခွန်လူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၅၂ | ၇၅၈ | ၈၇၁၀ | ၂၄.၄၉% |
| | | ဒေါ်ခင်မျိုးကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၈၀၇ | ၄၁၃ | ၆၂၂၀ | ၁၇.၄၉% |
| ၂၈ | လင်းခေး | | | ၁၅၂၀၈ | ၃၁၆၇ | ၁၈၃၇၅ | |
| | | စိုင်းကျော်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၀၃၉ | ၂၂၁၇ | ၉၂၅၆ | ၅၀.၃၇% |
| | | ဦးစိုင်းလှကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၁၆၉ | ၉၅၀ | ၉၁၁၉ | ၄၉.၆၃% |
| ၂၉ | လွိုင်လင် | | | ၃၂၂၉၉ | ၃၇၀၇ | ၃၆၀၀၆ | |
| | | ခွန်သက်နိုင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၁၇၀၆၆ | ၇၆၅ | ၁၇၈၃၁ | ၄၉.၅၂% |
| | | ဦးစိုင်းထွန်းဆိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၃၇၆ | ၆၅၉ | ၁၀၀၃၅ | ၂၇.၈၇% |
| | | နန်းစံညွန့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၅၇ | ၂၂၈၃ | ၈၁၄၀ | ၂၂.၆၁% |
| | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| ၃၀ | ကျုံပျော် | | | ၁၀၂၄၂၁ | ၆၀၆၇ | ၁၀၈၄၈၈ | |
| | | ဦးမြင့်ကြိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၀၅၅၁ | ၃၅၈၄ | ၄၄၁၃၅ | ၄၀.၆၈% |
| | | စမင်းရွှေ | ကရင်ပြည်သူ့ပါတီ | ၂၀၈၇၉ | ၈၂၀ | ၂၁၆၉၉ | ၂၀.၀၀% |
| | | ဒေါ်ခင်သန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၅၉၄ | ၅၆၆ | ၁၅၁၆၀ | ၁၃.၉၈% |
| | | ဦးခင်စန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၈၁၁ | ၃၆၇ | ၁၀၁၇၈ | ၉.၃၈% |
| | | ဦးအောင်မြင့်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၆၆၃ | ၄၂၀ | ၉၀၈၃ | ၈.၃၇% |
| | | ဒေါ်စုစုလှိုင် | ပြည်သူ့ပါတီ | ၇၉၂၃ | ၃၀၀ | ၈၂၃၃ | ၇.၅၉% |
| ၃၁ | ပုသိမ် | | | ၁၃၂၅၇၆ | ၁၀၃၃၂ | ၁၄၂၉၀၈ | |
| | | ဦးအေးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၂၂၄၈ | ၈၂၀၉ | ၇၀၄၅၇ | ၄၉.၃၀% |
| | | ဦးအောင်တေဇအေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၈၈၂၆ | ၆၇၄ | ၁၉၅၀၀ | ၁၃.၆၅% |
| | | ဦးမင်းဟိန်း(ခ)ဦးမင်းသက်နိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၀၉၉ | ၆၁၅ | ၁၈၇၁၄ | ၁၃.၀၉% |
| | | စောသိန်းခင် | ကရင်ပြည်သူ့ပါတီ | ၁၆၈၃၈ | ၅၄၀ | ၁၇၃၇၈ | ၁၂.၁၆% |
| | | ဦးဝင်းနိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၅၆၅ | ၂၉၄ | ၁၆၈၅၉ | ၁၁.၈၀% |
| ၃၂ | မအူပင် | | | ၁၃၉၃၈၁ | ၅၃၄၈ | ၁၄၄၇၂၉ | |
| | | ဦးစောသောင်းဒန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၁၅၈၀ | ၄၀၉၈ | ၇၅၆၇၈ | ၅၂.၂၉% |
| | | ဒေါ်ခင်မျိုးသက် | ပြည်သူ့ပါတီ | ၂၂၈၇၁ | ၃၈၉ | ၂၃၂၆၀ | ၁၆.၀၇% |
| | | ဦးမျိုးခိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၁၈၅ | ၂၈၁ | ၁၆၄၆၆ | ၁၁.၃၈% |
| | | နန့်ရူပါသန်း | ကရင်ပြည်သူ့ပါတီ | ၇၆၀၈ | ၁၉၈ | ၇၈၀၆ | ၅.၃၉% |
| | | ဦးအောင်ကြည်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၁၆၁ | ၁၃၃ | ၇၂၉၄ | ၅.၀၄% |
| | | ဦးသက်ဆွေဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၉၇၃ | ၁၇၁ | ၇၁၄၄ | ၄.၉၄% |
| | | ဦးပြည့်ဖြိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၀၃ | ၇၈ | ၇၀၈၁ | ၄.၈၉% |
| ၃၃ | မြောင်းမြ | | | ၁၃၄၆၆၆ | ၄၇၁၈ | ၁၃၉၃၈၄ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၃၃၃ | ၂၅၄၀ | ၅၄၈၇၃ | ၃၉.၃၇% |
| | | ဦးထွန်းထွန်းဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၄၉၇ | ၈၁၉ | ၃၂၃၁၆ | ၂၃.၁၈% |
| | | ဦးအောင်တင်ထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၁၂၀ | ၅၉၂ | ၁၈၇၁၂ | ၁၃.၄၃% |
| | | ဦးမိုးကျော်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၈၆၂ | ၃၉၇ | ၁၃၂၅၉ | ၉.၅၁% |
| | | ဦးစိုးအောင် | ပြည်သူ့ပါတီ | ၁၁၇၃၂ | ၂၄၄ | ၁၁၉၇၆ | ၈.၅၉% |
| | | ဒေါ်သင်းသင်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၁၂၂ | ၁၂၆ | ၈၂၄၈ | ၅.၉၂% |
| ၃၄ | ကြံခင်း | | | ၄၄၆၇၈ | ၂၀၃၉ | ၄၆၇၁၇ | |
| | | ဦးစိုးပိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၄၀၂ | ၇၇၉ | ၂၁၁၈၁ | ၄၅.၃၄% |
| | | ဦးစောမင်းထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၇၀၆ | ၉၇၃ | ၁၅၆၇၉ | ၃၃.၅၆% |
| | | ဦးဝင်းမင်းသိုက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၀၃၈ | ၁၃၁ | ၅၁၆၉ | ၁၁.၀၇% |
| | | ဦးအေးငြိမ်း | ပြည်သူ့ပါတီ | ၄၅၃၂ | ၁၅၆ | ၄၆၈၈ | ၁၀.၀၃% |
| ၃၅ | မြန်အောင် | | | ၉၇၄၃၀ | ၅၁၀၂ | ၁၀၂၅၃၂ | |
| | | ဦးမျိုးမင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၅၀၁ | ၃၂၁၁ | ၄၄၇၁၂ | ၄၃.၆၁% |
| | | ဦးဆန်းလင်းအောင် | ပြည်သူ့ပါတီ | ၁၇၉၂၉ | ၄၂၆ | ၁၈၃၅၅ | ၁၇.၉၀% |
| | | ဒေါ်အလိမ္မာထွဏ်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၅၅၆၀ | ၆၅၂ | ၁၆၂၁၂ | ၁၅.၈၁% |

စာမျက်နှာ ၁၂ သို့ ❐

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## အသိပေးနှိုးဆော်စာ
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) အား မြို့နယ် ၁၀၂ မြို့နယ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

အထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၀၂ အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ယင်းမဲဆန္ဒနယ်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမည်စာရင်းတင်သွင်းလွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က သတ်မှတ်ပေးသည့် ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ပုံစံ(၂၀)ဖြင့်တင်သွင်းကြရမည်ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း မတင်သွင်းပါက သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၉ အရ အရည်အချင်းပျက်ယွင်းသူအဖြစ် သတ်မှတ်ကြေညာခြင်းခံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်းတင်သွင်းကြရန် နှိုးဆော်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❒ စာမျက်နှာ ၁၁ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | | ဦးမြင့်ကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၃၈၂ | ၆၆၄ | ၁၅၀၄၆ | ၁၄.၆၇% |
| | | ဦးမျိုးအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၀၅၈ | ၁၄၉ | ၈၂၀၇ | ၈.၀၁% |
| ၃၆ | လပွတ္တာ | | | ၁၀၈၉၁၄ | ၃၃၁၉ | ၁၁၂၂၃၃ | |
| | | ဦးစန်းမင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၄၅၇၈ | ၂၃၄၄ | ၅၆၉၂၂ | ၅၀.၇၂% |
| | | ဒေါ်ချမ်းမြေ့မွန် | ပြည်သူ့ပါတီ | ၂၀၉၉၅ | ၃၂၅ | ၂၁၃၂၀ | ၁၈.၉၉% |
| | | ဒေါ်စုစုဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၀၂၇၃ | ၄၃၂ | ၂၀၇၀၅ | ၁၈.၄၅% |
| | | ဦးအေးကိုနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၀၆၈ | ၂၁၈ | ၁၃၂၈၆ | ၁၁.၈၄% |
| ၃၇ | ဟသ္သာတ | | | ၁၃၁၆၂၂ | ၄၄၉၆ | ၁၃၆၁၁၈ | |
| | | ဦးအေးဟန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၆၁၈ | ၂၉၉၈ | ၅၉၆၁၆ | ၄၃.၈၀% |
| | | ဒေါ်သန်းသန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၉၆၄ | ၇၂၁ | ၃၃၆၈၅ | ၂၄.၇၄% |
| | | ဦးစိန်သောင်း | ပြည်သူ့ပါတီ | ၂၃၈၂၃ | ၄၇၀ | ၂၄၂၉၃ | ၁၇.၈၅% |
| | | ဦးအေးမြင့်(ခ)ဦးအောင်ဟိန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၈၂၁၇ | ၃၀၇ | ၁၈၅၂၄ | ၁၃.၆၁% |

# ကင်ဆာရောဂါများအတွက် အထောက်အကူပြုစေသည့် ကန်စွန်းရွက်

ကန်စွန်းပင်သည် Convolvulaceae မျိုးရင်းဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Ipomoea aquatica Forsk/Ipomoea Reptans Poir ဖြစ်သည်။

မြန်မာ့အယူအဆအရ ကံကောင်းအောင် ကန်စွန်းညွန့်ကို ဘုရားတင်လှူကြသည့် အစဉ်အလာရှိသည်။ မြန်မာနိုင်ငံ၌ ကန်စွန်းရိုးနီ၊ ရိုးရိုးကန်စွန်း (မြန်မာကန်စွန်း) နှင့် တရုတ်ကန်စွန်းဟူ၍ သုံးမျိုးတွေ့ရသည်။ ရိုးတံတို၍ အရွက်နည်းသော ကန်စွန်းရိုးနီကို ချဉ်ရည်ဟင်း၊ ချဉ်ဖတ်၊ မန်ကျည်းသီးမှည့်နှင့်ပြုတ်ကာ အတို့အမြှုပ်အဖြစ် စားသုံးလေ့ရှိသည်။ အစိမ်းရောင်အရွက်ဖားဖား တရုတ်ကန်စွန်းကို အရိုးပင်စည်များကြီးထွားပြီး နူးညံ့မှုရှိသောကြောင့် ကြော်စားလေ့ရှိသည်။

မြန်မာကန်စွန်း၏အရွက်နှင့် အရိုးတို့မှာ တရုတ်ကန်စွန်းလောက်မကြီးဘဲ နူးညံ့မှုနည်း၍ ကြော်ချက်၊ ချဉ်ရည်ဟင်း၊ သနပ်စုံ၊ ငါးပေါင်းကြော်၊ ကန်စွန်းရွက်ပေါင်းနှင့် ကန်စွန်းရွက်သုပ်အဖြစ် ပြုလုပ်စားသုံးလေ့ရှိကြသည်။ မှိုဟင်းလျာများ ကြော်လှော်ချက်ပြုတ်ရာတွင် အဆိပ်အတောက်ပြေစေရန် ကန်စွန်းရွက်သည် မရှိမဖြစ်ဖြေဆေးဖြစ်သည်။

ကန်စွန်းရွက်ထဲတွင် ကယ်လိုရီ၊ ကစီဓာတ်၊ သကြား၊ ချေဖျက်လွယ်သောအမျှင်ဓာတ်၊ ပရိုတင်း၊ ဗီတာမင်-A၊ ဘီတာကယ်ရိုတင်း၊ လူတိန်း၊ Zeaxanthin၊ ဖောလိပ်၊ ဗီတာမင်-C နှင့် သံဓာတ်စသည်တို့ပါဝင်သည်။

- ကန်စွန်းရွက်ကို သုတေသနပြုဓာတ်ခွဲစမ်းသပ်ကြည့်ရာတွင် Initiation (ခေါ်) ကောင်းသည့် ခန္ဓာကိုယ်အကျိုးပြု DNA များ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ပေးကြောင်း၊ Proliferation (ခေါ်) ကင်ဆာဆဲလ်များ အဆမတန်ကြီးထွားလာမှုကို ဟန့်တားပေးနိုင်ကြောင်း၊ Metastasis (ခေါ်) ကင်ဆာဆဲလ်များပြန့်ပွားလာမှုကို ဟန့်တားပေးနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု အမေရိကန်နိုင်ငံထုတ် Daily Health Digest ၌ ရေးသားဖော်ပြထားသည်။
- အင်္ဂလန်နိုင်ငံရှိ ကင်ဆာသုတေသနအဖွဲ့၏ဆန်းစစ်ချက်များအရ ကန်စွန်းရွက်သည် ဂေါ်ဖီမျိုးနွယ်ဝင်ဖြစ်၍ ကင်ဆာရောဂါအမျိုးမျိုးကို တိုက်ထုတ်ပေးနိုင်သည့် Isothiocyanates ဓာတ်ပေါင်းစုပါရှိသည်။ ထို့ပြင် ကန်စွန်းရွက်တွင် ကင်ဆာဆဲလ်များကြီးထွားလာမှုကို ထိန်းချုပ်ပေးနိုင်သော phenethyl isothiocyanate (ခေါ်) PEITC ဓာတ်ပါဝင်သည်။ ထိုဓာတ်က အထူးသဖြင့် အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာနှင့် အမျိုးသားများ ဆီးကျိတ်ကင်ဆာ စသည့်ကင်ဆာရောဂါဆဲလ်များ ကြီးထွားလာမှုကို ထိန်းချုပ်ပေးနိုင်စွမ်းရှိကြောင်း လေ့လာတွေ့ရှိရသည်။

ထို့ပြင် အင်္ဂလန်နိုင်ငံရှိ The University of Reading တက္ကသိုလ်မှ သုတေသနပြုချက်များအရ အောက်ပါအတိုင်း အကြံပြုထားသည်။

- အင်္ဂလန်နိုင်ငံ၌ ရင်သားကင်ဆာသည် ဒုတိယအဖြစ်များဆုံးဖြစ်ကာ အမျိုးသမီး ၅၀၀၀၀ ခန့် နှစ်စဉ် ရင်သားကင်ဆာရောဂါခံစားကြရပြီး ၁၂၀၀၀ ခန့်က ထိုကင်ဆာရောဂါဖြင့် ကွယ်လွန်သွားကြောင်း၊
- ရင်သားကင်ဆာကို ဓာတ်ရောင်ခြည်ပေး၍ ကုသသည့်အခါ အရေပြားအရောင်ပျက်စီးခြင်း ဖြစ်လေ့ရှိသော်လည်း ကန်စွန်းရွက်ကို ဓာတ်စာကုထုံးအဖြစ်ကျွေး၍ ဓာတ်ရောင်ခြည်ကုသကြည့်သည့်အခါ အရေပြားပျက်စီးခြင်းမှ သိသိသာသာလျော့ပါးသက်သာနေသည်ကို တွေ့ရကြောင်း၊
- First stage (ခေါ်) ရင်သားကင်ဆာဖြစ်ခါစ ဝေဒနာရှင် အမျိုးသမီး ၁၀၀ ကို ဓာတ်ရောင်ခြည်ကုသနေစဉ်တွင်ပင် ကန်စွန်းရွက် ၁၀၀ ဂရမ်ကို ရက်သတ္တရှစ်ပတ်တိတိ နေ့စဉ်စားသုံးစေပြီးနောက် သွေးစစ်ကြည့်ရာ ကန်စွန်းရွက်ထဲတွင် ပါဝင်သည့် သဘာဝဓာတ်ပေါင်းများက ကင်ဆာဆဲလ်များကို တိုက်ထုတ်ပေးကြောင်း လေ့လာတွေ့ရှိခဲ့သည်။
- ၁ ဂရမ်အလေးချိန်ရှိသော ကန်စွန်းရွက်တွင် ယင်းနှင့်အလေးချိန်တူ ဟင်းနုနယ်ထက် သံဓာတ်ပါဝင်မှုပိုများကြောင်း၊
- ၁ ဂရမ်အလေးချိန်ရှိသော ကန်စွန်းရွက်တွင် ယင်းနှင့်အလေးချိန်တူ လိမ္မော်သီးထက် ဗီတာမင်-C ပါဝင်မှုပိုများကြောင်း၊
- ၁ ဂရမ်အလေးချိန်ရှိသော ကန်စွန်းရွက်တွင် ယင်းနှင့်အလေးချိန်တူ နွားနို့ထက် ကယ်လ်စီယမ်ပါဝင်မှုပိုများကြောင်း၊
- ၁ ဂရမ်အလေးချိန်ရှိသော ကန်စွန်းရွက်တွင် ယင်းနှင့်အလေးချိန်တူ ပန်းဂေါ်ဖီစိမ်းထက် ဗီတာမင်-E ပါဝင်မှုပိုများကြောင်း၊
- ၁ ဂရမ်အလေးချိန်ရှိသော ကန်စွန်းရွက်တွင် ယင်းနှင့်အလေးချိန်တူ ငှက်ပျောသီးထက် ဖောလိပ်ဓာတ်ပါဝင်မှုပိုများကြောင်း စသည်ဖြင့် လေ့လာတွေ့ရှိရသည်။

ယင်းအတွက် ကန်စွန်းရွက်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် DNA ပျက်စီးမှုမဖြစ်အောင် ကာကွယ်ပေးကြောင်းနှင့် ကျန်းမာသည့်သွေးဆဲလ်များ တိုးပွားစေသောကြောင့် ကင်ဆာရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

### သတိပြုရန်

ကန်စွန်းရွက်နှင့် မွေးရာပါဓာတ်မတည့်သူများ သတိထားစားသုံးသင့်သည်။ ကန်စွန်းရွက်တွင် အိုင်အိုဒင်းဓာတ်ပေါ်များ၍ ဟိုက်ပိုသိုင်းရွိုက်ရောဂါကို ကောင်းကျိုးပြုသော်လည်း ဟိုက်ပါသိုင်းရွိုက်ရောဂါကို ကောင်းကျိုးမပြုသောကြောင့် ဟိုက်ပါသိုင်းရွိုက်ဝေဒနာရှင်များ ကန်စွန်းရွက် လုံးဝမစားသုံးသင့်ပါ။ ကန်စွန်းရွက်သည် ဆီးရွှင်စေသော်လည်း လိုအပ်သည်ထက် လွန်ကဲစွာစားသုံးမိပါက မကြာခဏဆီးသွားရသည့် ဆီးအိတ်ရောင်ရောဂါဖြစ်စေနိုင်သည်။

### မှတ်ချက်

ကန်စွန်းပင်များကို များသောအားဖြင့် စိုက်ခင်းထဲတွင် သဘာဝရေမှော်ကဲ့သို့ စိုက်ပျိုးထားလေ့ရှိသောကြောင့် ကပ်ပါးပိုးများပါလာတတ်၍ မချက်ပြုတ်မီ ရေများများဖြင့် သန့်စင်အောင် ဆေးကြောသင့်သည်။ ညှိုးပျော့၍ အဝါရောင်သန်းနေသော ကန်စွန်းရွက်များသည် မလတ်ဆတ်ဘဲ အာနိသင်လည်း ပျက်ပြယ်စေသည်။

အချုပ်အားဖြင့်ဆိုရသော် ခေတ်မီတိုးတက်သော ယနေ့ကမ္ဘာတွင် ကျန်းမာရေးအမြင်ရှိသူတိုင်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် ကျန်းမာရေးအထောက်အကူပြု အာဟာရအစားအစာများအဖြစ် အရေးပါပုံကို သိမြင်လက်ခံလာကြပြီဖြစ်ရာ မိမိတို့ပတ်ဝန်းကျင်၌ ရာသီမရွေးရရှိနိုင်ကာ လွယ်ကူမြန်ဆန်စွာ ချက်ပြုတ်နိုင်ပြီး ခံတွင်းလည်းမြိန်၊ ကင်ဆာရောဂါများအတွက် အထောက်အကူပြုစေသည့် ကန်စွန်းရွက်ကို မီးဖိုချောင်သုံးဆေးဝါးအဖြစ် စားသုံးပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

# မီတာနှင့်မီးကြိုးများကြောင့်ဖြစ်ပေါ်စေနိုင်သောလျှပ်စစ်အန္တရာယ်

မောင်မောင်စွယ်စုံထွန်း

လျှပ်စစ်မီတာများတွင် အကြမ်းဖျင်း စင်တီမီတာ၊ ပါဝါမီတာ၊ အိမ်သုံးမီတာဟူ၍ သုံးမျိုးရှိသည်။ မည်သည့်မီတာအမျိုးအစားဖြစ်ပါစေ သတ်မှတ်ဝန်အားရှိသည်။ သတ်မှတ်ဝန်အားထက်ကျော်လွန်သုံးစွဲလျှင် လောင်ကျွမ်းတတ်သည်။ Internal Short ရှိပြီး Breaker က Trip မဖြစ်သဖြင့် လောင်ကျွမ်းသည့်အခါလည်းရှိသည်၊ မီးလောင်သည့်အခါပါသွားပြီး လောင်ကျွမ်းသွားတာမျိုးလည်းရှိသည်၊ မျက်မြင်အားဖြင့် အညိုအမဲစွဲပြီး မီးလောင်ထားသည့် လက္ခဏာမျိုးရှိတတ်သလို မျက်စိဖြင့်မမြင်ရသော လောင်ကျွမ်းမှုမျိုးလည်းရှိနိုင်သည်။ နောက်တစ်ချက်မှာ သတ်မှတ်ဝန်အားထက်ကျော်လွန်ပြီး အဝင်ကြိုးလောင်ကျွမ်းပြီး မီတာအဝင်၊ အထွက် Connection Point များ၏ Bar များ အရည်ပျော်ပြီး ကြိုးပြန်ထည့်လို့မရတာ၊ ပြန်သုံးမရတာမျိုးလည်းရှိသည်၊ တစ်ခါတစ်ရံမှာ မီတာအတွင်းထဲက Coil များမှာ အညိုအမဲစွဲပြီး လောင်သွားသည့်ပုံစံမျိုးလည်း တွေ့ရတတ်သည်။ ဖော်ပြပါအချက်များသည် အတွေ့ရများသော မီတာလောင်ကျွမ်းမှုပုံစံများဖြစ်သည်။

**မီတာလောင်ကျွမ်းသည့်အခါ မည်သို့ဆက်လုပ်သင့်ပါသလဲဆိုလျှင် အိမ်တွင်းအဝင် Main Breaker ကိုပိတ်ထားပြီး မြို့နယ်လျှပ်စစ်ရုံးကို မဖြစ်မနေအကြောင်းကြားရမည်။ မိမိသဘောနှင့် မိမိခတ်ထားသော Seal များ ဖြတ်ခြင်း၊ ပြုပြင်ခြင်းများကိုလုံးဝမပြုလုပ်ရပါ။ မှတ်တမ်းဓာတ်ပုံရယူထားပါ။ မြို့နယ်ရုံးသို့ စာဖြင့်တင်ပြသည့်အခါ မိမိမီတာတပ်ဆင်ထားရှိသည့် မီတာဘောလ်ပါ အမည်ပေါက်၊ မီတာနံပါတ်တပ်ဆင်ထားသည့် လိပ်စာများထည့်သွင်း၍ ဖြစ်စဉ်အကြမ်းဖျင်းအား ရေးသားရမည်ဖြစ်ပြီး မီတာဘောလ်မိတ္တူ၊ မှတ်တမ်းဓာတ်ပုံ(ကာလာ)တို့ကို စာနှင့်အတူ ပူးတွဲတင်ပြရမည်။ လိုအပ်ပါက မိမိထံဆက်သွယ်ရရှိနိုင်သည့် ဖုန်းနံပါတ်အားထည့်သွင်းဖော်ပြပေးရမည်။ လာရောက်စစ်ဆေးပါက စစ်ဆေးသူ၏ အမည်နှင့် စစ်ဆေးသည့်ရက်စွဲအချိန်များမှတ်သားရယူထားနိုင်သည်။ Seal ဖြတ်၍ စစ်ဆေးခဲ့လျှင် သို့မဟုတ် မီတာအား ဖြုတ်ယူပါလျှင်ဆောင်ရွက်သူ၏ အမည်နှင့်ရာထူးအား မှတ်ယူထားရန်လိုအပ်သည်။** ဌာနမှ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်လေ့ရှိသနည်းဟုမေးသော် ဌာနမှ တင်ပြစာရရှိပြီးလျှင် လာရောက်၍ အမှန်တကယ်လောင်ကျွမ်းမှုရှိ/မရှိ မျက်မြင်လာရောက်စစ်ဆေးမည်။ ၎င်းနောက် သက်ဆိုင်ရာမြို့နယ်တာဝန်ခံ၏ လမ်းညွှန်ချက်ဖြင့် AVG ကောက်ခံမည်ဆိုပါက မိမိသုံးစွဲသောယူနစ် ၁၂ လစာအားပေါင်း၍ ၁၂ ဖြင့်စားကာ တစ်လပျမ်းမျှအသုံးအားတွက်ချက်ပြီး မီတာအသစ်မရမချင်းကောက်ခံသွားပါလိမ့်မည်။ တစ်ခါတစ်ရံ ယခင် ၁၁ လတွင် လူမနေဘဲ ယခုလတွင် လူနေယူနစ်အသုံးများပါက တစ်လပျမ်းမျှ တွက်ချက်ကောက်ခံခြင်းမပြုဘဲ အသုံးဝန်အားကိုအခြေခံ၍ တွက်ချက်ကောက်ခံသွားမည်ဖြစ်သည်။ ခွင်းချက်အားဖြင့် မီးလောင်သည့်ဖြစ်စဉ်ကြောင့် မီတာလောင်ကျွမ်းခဲ့လျှင်မူ အဆိုပါအမှုကိစ္စပြီးပြတ်မှ မီတာပြန်လည်တပ်ဆင်သုံးစွဲခွင့်ပြုမည်ဖြစ်သည်။ မိမိအနေဖြင့် တစ်လပျမ်းမျှကောက်ခံခြင်းအား သဘောမတူလိုပါကလည်း မီးမသုံးစွဲလိုပါသဖြင့် မီးဖြတ်ထားပေးရန်နှင့် ကောက်ခံခြင်းမပြုရန် အဆိုပြုနိုင်သည်။ ဌာနမှ မီတာလောင်ကျွမ်းမှုဖြစ်စဉ်အား ကြေးနန်းဖြင့်တင်ပြ၍ ဖြုတ်ယူစစ်ဆေးခွင့်ရရှိပါက ဖြုတ်ယူကာ Test Lab သို့ ပေးပို့စစ်ဆေးပါမည်။ Overload ဟုခေါ်သော သတ်မှတ်ဝန်အားထက်ကျော်လွန်သုံးစွဲပါက ဒဏ်ကြေး၊ လျော်ကြေးများကောက်ခံသွားမည်ဖြစ်သည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မီတာလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပါက မီတာတန်ဖိုး၏ သုံးဆအား အစားထိုးတပ်ဆင်ခကောက်ခံသည်ဟု သိရသည်။

**အထူးသတိပေးလိုသည်မှာ မီတာလောင်ကျွမ်းသွားပြီဆိုလျှင်ပြင်ပမှဖြစ်စေ၊ ရုံးမှဖြစ်စေတစ်ဦးတစ်ယောက်ကလာ၍ "ပြင်ပေးမယ်၊ သက်သာအောင်လုပ်ပေးမယ်" ဆိုသည်များကို လုံးဝ (လုံးဝ) မယုံကြည်ကြပါနှင့်၊ မလုပ်ကြပါနှင့်ဟု အဓိကမှာကြားလိုသည်။ မီတာဖြုတ်၍ စစ်ဆေးပိုင်ခွင့်နှင့်မှုနဲ့အညီပြုပြင်ပိုင်ခွင့်က Test Tab ဌာနတစ်ခုတည်းမှာပဲရှိသည်။ အကယ်၍Test Lab မရောက်မီ ပြုပြင်ထားသည်ကို စိစစ်တွေ့ရှိပါက မီတာခအမြင့်ဆုံးနှုန်းထားနှင့် တစ်နှစ်စာလျော်ကြေးတောင်းသည်။ လိုအပ်လျှင်တရားစွဲဆိုခြင်းလည်း ခံရပါလိမ့်မည်။** တရားဝင်လမ်းကြောင်းအရ လုပ်ဆောင်ရမည့်အချက်များကိုများ တွက်ချက်တောင်းခံခြင်းပြုလုပ်သည်၊ သတ်မှတ်ဝန်အားထက်ကျော်လွန်သုံးစွဲပါက အစားထိုးတပ်ဆင်ခတောင်းခံသည်။ အကယ်၍ ငွေသွင်းရန်လိုအပ်ပါက တရားဝင်ဆက်သွယ်ကာ ဤစစ်ဆေးချက်အရ တောင်းခံပါကြောင်း စာဖြင့်တောင်းခံပြီး တရားဝင်ဌာန၏ပြေစာဖြင့်သာ တရားဝင်ငွေကောက်ခံမည်ဖြစ်သည်။ သမားရိုးကျ"ရပန"ဖြစ်ပါက ဌာနအား မီးဆက်ခ ယခင်ငွေကျပ် ၂၀၀၀ ယခုအသစ်နှုန်းထားအရ ငွေကျပ် ၅၀၀၀ သာပေးသွင်းရန် လိုအပ်သည်။ မီတာစစ်ဆေးခြင်း၊ အတည်ပြုခြင်းများသည် စမ်းသပ်ရေးနှင့် မီတာဌာန၏တရားဝင်စာ နံပါတ်များဖြင့်သာ တရားဝင်ရုံးစာပေးပို့ခြင်း ပြုလုပ်ကြရပြီး မီတာဖတ်များ၊ လျှပ်စစ်ဝန်ထမ်းများမှ အခကြေးငွေဖြင့် ပြုပြင်ခြင်း၊ ပြင်ဆင်ခြင်းများလုပ်ဆောင်ခွင့် လုံးဝ (လုံးဝ)မရှိသည်ကိုလည်း သိရှိထားကြရန်လိုအပ်သည်။

မိမိအိမ် မီတာရပ်၊ ပျက်၊ နှေးတစ်ခုခုဖြစ်ပါက မီတာဖတ်များ၊ လျှပ်စစ်ဝန်ထမ်းများကဖြစ်စေ အယောင်ဆောင်၍ဖြစ်စေခြိမ်းခြောက်၊ အကျပ်ကိုင်ခြင်း၊ ငွေတောင်းခြင်း သို့မဟုတ် ပြုပြင်ပေးမည်ဟု လိမ်ညာငွေတောင်းခြင်းများကို ယုံကြည်ခြင်းမပြုကြဘဲ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးသို့သာ တရားဝင်တိုင်ကြားနိုင်ပါကြောင်းနှင့် သတိပြုဆင်ခြင်နိုင်ကြစေရန်လည်း ရှင်းလင်းရေးသားလိုက်ရသည်။

**❊ ❊ မိမိနေအိမ်အား မီးဘေးအန္တရာယ်ကင်းဝေး၍ လူများလည်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေဖို့ဆိုရာတွင် မိမိနေအိမ်တွင် တပ်ဆင်အသုံးပြုသောမီတာနှင့်မီးကြိုးများ အစဉ်ကောင်းမွန်နေရန်လိုအပ်ပြီး ကျွမ်းကျင်သူများနှင့်မိမိနေအိမ်၏ လျှပ်စစ်မီးသုံးစွဲမှုအခြေအနေအား အမြဲမပြတ်စစ်ဆေးစေသင့်ပြီး လိုအပ်လျှင် သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးသို့သွားရောက်၍ အကူအညီတောင်းခံသင့်ပါကြောင်းနှင့် လိုအပ်လျှင် အသစ်လဲလှယ်ကြခြင်းဖြင့်သာ လျှပ်စစ်အန္တရာယ်ကို ကင်းဝေးကြမည်ဖြစ်ပါကြောင်း . . .**

ရှင်းပြထားခြင်းသာဖြစ်ပြီး မိမိဘာသာတရားမဝင်ဆောင်ရွက်၍ မရသည်ကို လုံးဝသိရှိထားကြရန်လိုအပ်သည်။

ဆက်လက်၍ လောင်ကျွမ်းသည့်အဆင့်မဟုတ်သော ပျက်စီးမှုများဖြစ်သည့် ရပ်/ပျက်/နှေးမီတာနှင့်ပတ်သက်သောအကြောင်းအရာများကို ဆက်လက်ရှင်းပြလိုသည်၊ မီတာတစ်လုံးသည် အရည်အသွေးပေါ်မူတည်၍လည်းကောင်း၊ သုံးစွဲမှုသက်တမ်းပေါ်မူတည်၍လည်းကောင်း မီတာလည်ပတ်မှုရပ်ခြင်း၊ ပျက်ခြင်း၊ နှေးခြင်းများလည်းဖြစ်နိုင်သည်။ လျှပ်စစ်ဌာနအခေါ်အရ "ရပန"ဟု အတိုကောက်ခေါ်လေ့ရှိသည်။

အကယ်၍ သင့်အိမ်တွင်ရှိသော မီတာသည် လည်ပတ်မှုမရှိဘဲ ရပ်နေ၍သော်လည်းကောင်း၊ မိမိသုံးစွဲပမာဏထက်လျော့နည်းကျဆင်းနေ၍သော်လည်းကောင်း ပျက်စီးမှုတစ်စုံတစ်ရာရှိပါက မီတာဖတ်ရှုသူမှ စစ်ဆေးမှတ်တမ်းယူ၍ လဲလှယ်ရန် အဆင့်ဆင့်တင်ပြကြရသည်။ ထို့နောက် သတ်မှတ်ကြေးများပေးသွင်းပြီးပါက ဌာနမှ အသစ်တစ်လုံးလဲလှယ်ပေးသည်။ အဘယ်ကြောင့်ဆိုသော် သင့်မီတာလျှောက်ထားစဉ်က မီတာအာမခံစပေါ်ငွေပေးသွင်းထားရသဖြင့်ဖြစ်သည်။ ဌာနအနေဖြင့် မီတာဖြုတ်သိမ်းလဲလှယ်သည့်အခါ အိမ်ရှိတပ်ဆင်ထားရှိသောဝန်အားစာရင်းကို ကောက်ယူမှတ်တမ်းတင်သည်။ ၎င်းနောက် အိမ်ရှင်အား လက်မှတ်ထိုးစေသည်။ အိမ်ရှင်အနေဖြင့် မိမိအိမ်တွင် တပ်ဆင်ထားသော မီးချောင်းအရေအတွက်၊ အဲကွန်းအရေအတွက် စသည်ဖြင့် မှန်၊ မမှန်စစ်ဆေးပြီးမှ လက်မှတ်ထိုးသင့်သည်။ ဖြုတ်ယူရရှိသောမီတာအား မီတာစမ်းသပ်စစ်ဆေးရေးဌာနသို့ ပေးပို့စစ်ဆေးသည်။ ၎င်းဌာနသည် အဆိုပါမီတာချွတ်ယွင်းချက်အားစစ်ဆေး၍ အဖြေထုတ်သည်။ အကယ်၍ မီတာမလည်အောင် မသမာမှုပြုလုပ်ထားပါက လျော်ကြေးနစ်နာကြေးများ တွက်ချက်တောင်းခံခြင်းပြုလုပ်သည်၊ သတ်မှတ်ဝန်အားထက်ကျော်လွန်သုံးစွဲပါက အစားထိုးတပ်ဆင်ခတောင်းခံသည်။

ထပ်မံ၍ဆားဗစ်ကြိုးခေါ် မီတာအထွက် မီးကြိုးပျက်စီးမှုအကြောင်းကိုလည်းဆက်စပ်၍ တစ်ခါတည်းရှင်းပြလိုသည်။ ဆားဗစ်ကြိုးဆိုတာ "ဘာကိုခေါ်တာလဲ" ဟု မေးမည်ဆိုပါက 400V ဓာတ်အားလိုင်းတိုင်ကနေ မိမိအဆောက်အအုံကို ဓာတ်အားချိတ်ဆက်အသုံးပြုသောကြိုးကိုခေါ်ခြင်းဖြစ်သည်။ အဆိုပါကြိုးသည် ဓာတ်အားလိုင်းမှတစ်ဆင့် မီတာကိုဝင်ပါသည်။ ထိုမှတစ်ဆင့် အိမ်မီးအဝင် Breaker ကို ရောက်သည်။ လျှပ်စစ်ဌာနအနေဖြင့် မီတာအထွက် ဓာတ်အားရရှိဖို့သာတာဝန်ရှိပြီး ဓာတ်အားသုံးစွဲသူအနေဖြင့် မီတာအထွက်မှသည် အိမ်တွင်းသွယ်တန်းထားရှိတဲ့ ကြိုး၊ Breaker ကို စစ်ဆေးထိန်း/ပြင်လုပ်ဖို့ တာဝန်ရှိသည်။ စစ်ဆေးခြင်း၊ အတည်ပြုထောက်ခံချက်ပေးခြင်းကိုတော့ လျှပ်စစ်စစ်ဆေးရေးနှင့်ကြီးကြပ်ရေးဌာန(EI)က တာဝန်ယူ၊ တာဝန်ခံပြီး ဆောင်ရွက်သည်။ သို့သော် စစ်ဆေးရန် မေ့လျော့နေလေ့ရှိကြသည်ကတော့ ဓာတ်အားရယူသုံးစွဲထားသည့် ဆားဗစ်ကြိုးပဲဖြစ်သည်၊ ဆားဗစ်ကြိုးသည် လျှပ်စစ်ဌာနက တာဝန်ခံရပြီး ဓာတ်အားသုံးစွဲသူ ကာယကံရှင်က အကုန်အကျခံရသောကိစ္စတစ်ရပ်ဖြစ်သည်။ မိမိ၏ မီတာအမျိုးအစားအရ Single Please Two Wire သို့မဟုတ် Three Phase Four Wire တစ်ခုခုဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ မည်သည့်မီတာအမျိုးအစားပဲဖြစ်စေ ဆားဗစ်ကြိုးသွယ်တန်းတဲ့အခါ ဝန်ထမ်းကြိုးလို့ခေါ်တဲ့ GI Wire ကို Tension အဖြစ် သုံးစွဲရသည်။ အဆိုပါကြိုးသည် ဆားဗစ်ကြိုးကို တိုင်မှအိမ်နံရံ သို့မဟုတ် ဒေါက်တိုင်အား အဓိကအားဖြင့်တောင့်ထားပေးသည်၊ ဆားဗစ်ကြိုးအရွယ်အစားနဲ့ အနီးအဝေးပေါ်မူတည်၍ GI ကြိုးဆိုဒ်ကို ရွေးချယ်ရသည်။ အဆိုပါကြိုးမှတစ်ဆင့် ဓာတ်အားစီးကူးခြင်းမရှိအောင် ကြွေသီးများတပ်ဆင်ခြင်း ပြုလုပ်ရပါသေးသည်၊ သို့သော်မဖြစ်မနေသိရှိ၍ လိုက်နာကြရမည့်အချက်မှာ ဆားဗစ်ကြိုးမှ မီတာအဝင်ကြားတွင် Breaker တပ်ခြင်း၊ Fuse ထည့်ခြင်း၊ Change Over ထည့်ခြင်းများလုံးဝမပြုလုပ်ရပါ။ ဓာတ်အားသုံးစွဲသူ အများစုသည် ဆားဗစ်ကြိုးမလောင်မချင်း၊ ပြတ်မကျမချင်း၊ အခိုးမခံရမချင်း လဲလှယ်လိုခြင်း အလျဉ်းမရှိကြပါ။ မဖြစ်သာ၍ သုံးစွဲရန်မဖြစ်နိုင်တော့သည့် အခြေအနေရောက်မှသာ လဲလှယ်သုံးစွဲကြသည်ကများသည်၊ ပစ္စည်းတိုင်းသည် နှစ်အကန့်အသတ်မဲ့သုံးစွဲရသည်မဟုတ်ပါ။ ဆားဗစ်ကြိုးပေါက်ပြဲ၍ ဓာတ်လိုက်သေဆုံးမှု၊ ပျက်စီးဆုံးရှုံးမှုများ များစွာကြုံရကြားရဖူးသည်။ ဆားဗစ်ကြိုးစတင်တပ်ဆင်သုံးစွဲခဲ့စဉ်က မိမိအိမ်၏ဝန်အားသုံးစွဲမှုအရနိုင်နင်း၍သော်လည်းကောင်း၊ ကြိုး၏ခံနိုင်အားသည် အပြည့်အဝကောင်းမွန်၍သော်လည်းကောင်း ကောင်းမွန်စွာသုံးစွဲနိုင်သည်။ သို့သော် အိမ်၏အသုံးဝန်အားသည် တိုး၍လာသောအခါ ယခင်ပန်ကာတစ်လုံးမှသည် အဲကွန်းတစ်လုံးပြောင်းလဲလိုက်သောအခါ ဆားဗစ်ကြိုး၏ခံနိုင်အားကို စနစ်တကျပြန်တွက်ချက်သည်မှာရှားသည်။ အလွယ်တကူတပ်လိုက်ကြသည်ကသာများသည်။ ထို့ကြောင့် ဆားဗစ်ကြိုးသည် ခံနိုင်ဝန်အားထက်ပိုထမ်းရသဖြင့် ပူလာပြီး ကြိုးအားအကာအကွယ်ပြုထားသော ကာဗာသည်လည်းအရည်အသွေးကျလာတတ်သည်။

ထို့ပြင် တပ်ဆင်သည့် ကြိုးအနေအထားအရ လေတိုက်သည့်အခါ သစ်ပင်သစ်ကိုင်းများနှင့် ထိစပ်နေပါက ပွတ်တိုက်မှုများ မကြာခဏဖြစ်ပြီး ပေါက်ပြဲမှုများ ဖြစ်တတ်သည်။ အဆိုပါဖြစ်စဉ်များကြောင့် ပေါက်ပြဲခြင်း၊ အပူလွန်ကဲ၍ ကြိုးတစ်လျှောက်မီးလောင်ခြင်းများ ကြုံရနိုင်သည်။ နောက်တစ်ချက်အနေဖြင့် ပေါက်ပြဲနေသော ဆားဗစ်ကြိုးသည် ဝန်ထမ်းကြိုးဟုခေါ်သော GI ကြိုးနှင့်ထိမိ၍ GI ကြိုးတစ်လျှောက်တွင် ဓာတ်အားရောက်ရှိနေတတ်သည်။ အဆိုပါဝန်ထမ်းကြိုးပြတ်ကျ၍ သံလက်ရန်းပေါ်သို့လည်းကောင်း၊ ရေအိုင်သို့လည်းကောင်း၊ တခြားလျှပ်ကူးစေသည့် အရာတစ်ခုခုပေါ်သို့ ထိမိရောက်မိ၍လည်း ဓာတ်လိုက်သေဆုံးမှုဖြစ်စဉ်များ မကြာခဏကြုံရကြားရသည်။ အထူးသဖြင့် မိုးရာသီတွင်အဖြစ်များသည်။ ထို့ကြောင့် မိမိအိမ်၏ဆားဗစ်ကြိုးကို ဟောင်းနွမ်းနေသလား၊ ပေါက်ပြဲနေသလား စစ်ဆေးပေးကြပါ။ ဟောင်းနွမ်းပေါက်ပြဲနေပါက မြို့နယ်လျှပ်စစ်ရုံးကို ဆားဗစ်ကြိုးဟောင်းနွမ်းနေပါသဖြင့် လဲလှယ်ခွင့်ပြုနိုင်ပါရန် မီတာဘောလ်မိတ္တူနှင့်တင်ပြပြီး လဲလှယ်လို့ရသည်။ လျှပ်စစ်အန္တရာယ်ဆိုသည်မှာ ကြိုတင်ကာကွယ်ရသည့်သဘောရှိ၍ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မိမိနေအိမ်အားမီးဘေးအန္တရာယ်ကင်းဝေး၍ လူများလည်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေဖို့ဆိုရာတွင် မိမိနေအိမ်တွင် တပ်ဆင်အသုံးပြုသောမီတာနှင့် မီးကြိုးများအစဉ်ကောင်းမွန်နေရန်လိုအပ်ပြီး ကျွမ်းကျင်သူများနှင့်မိမိနေအိမ်၏လျှပ်စစ်မီးသုံးစွဲမှုအခြေအနေအား အမြဲမပြတ်စစ်ဆေးစေသင့်ပြီး လိုအပ်လျှင် သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးသို့သွားရောက်၍ အကူအညီတောင်းခံသင့်ပါကြောင်းနှင့် လိုအပ်လျှင် အသစ်လဲလှယ်ကြခြင်းဖြင့်သာ လျှပ်စစ်အန္တရာယ်ကို ကင်းဝေးကြမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများပြုလုပ်၊ မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၇

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲများကို ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌လည်းကောင်း၊ မိုင်းကိုင်မြို့နယ်နှင့် လဲချားမြို့နယ်တို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ အသီးသီး၌လည်းကောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အောင်ဆန်းခန်းမ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့်တိုင်းမှူးများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အမှာစကားများအသီးသီးပြောကြားကြသည်၊ ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိမြို့နယ်ခန်းမ၊ အမှတ်(၁)ရပ်ကွက်ရှိမဲရုံ၊ အမှတ်(၂) ရပ်ကွက်ရှိ ရှမ်းစာပေယဉ်ကျေးမှုခန်းမရှိ မဲရုံနှင့် “ဝ”ယဉ်ကျေးမှုခန်းမရှိ မဲရုံတို့အားလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၊ မြို့နယ်ခန်းမ၊ မိုင်းကိုင်မြို့နယ်နှင့်လဲချားမြို့နယ်များအတွင်းရှိ မဲရုံနေရာများအားလည်းကောင်း၊ မွန်ပြည်နယ်၊ မုဒုံမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၊ မြို့မ(၃)ရပ်ကွက်ရှိရွေးကောက်ပွဲကော်မရှင်ရုံးအားလည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများကသွားရောက်၍ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များထိန်းသိမ်းထားရှိမှု၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကြိုတင်မဲပေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။



တနင်္သာရီတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်စဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# မန္တလေးမြို့၊ နန်းမြို့အတွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ပြုလုပ်




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဂုဏ်ပြုဆုရဆရာမတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇန်နဝါရီ ၇

မန္တလေးမြို့၊ နန်းမြို့အတွင်းရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ကျောင်းခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိစစ်သည်မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက “ကြိုဆိုပါသည် ပညာရေးစုံညီ” သီချင်းဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်၊ ထို့နောက် ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိက ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ/ဆရာမများ၊ ကျောင်းတက်မှန်ဆု၊ ကျောင်းလုပ်ငန်းစွမ်းဆောင်ရည်ဂုဏ်ပြုဆုနှင့် အခြားဆုအသီးသီးရရှိကြသော ဆရာ/ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ၎င်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကျောင်းသား/ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# “ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်း ထိခိုက်မှုကြောင့် တောင်သူအပေါ်ထိခိုက်မှု လျှော့ချရန် သီးနှံအာမခံစနစ် ပေါ်ပေါက်စေရေး” ခေါင်းစဉ်ဖြင့် (၅၁) ကြိမ်မြောက် ဗုဒ္ဓဟူးနေ့စကားဝိုင်းကျင်းပ



နေပြည်တော် ဇန်နဝါရီ ၇

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၏ (၅၁)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကို “ရာသီဥတုဒဏ် ကြောင့် သီးနှံအထွက်နှုန်း ထိခိုက်မှုကြောင့် တောင်သူအပေါ် ထိခိုက်မှုလျှော့ချရန် သီးနှံ အာမခံစနစ်ပေါ်ပေါက်စေရေး” ခေါင်းစဉ်ဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို Table မှာပြသပေးထားပါတယ်။ ဒီဇယားကို အသုံးပြု၍ ပုံနှိပ်စာအုပ်တွင်ပါဝင်သော IR spectrum များနှင့် တိုက်ဆိုင်လေ့ကျင့်ထားမည်ဆိုလျှင် functional groups, wavenumber, and band intensity တို့ကို အကျွမ်းတဝင်သိရှိလာနိုင်ပါတယ်။

Table Some Characteristic Infrared Absorption Bands and their Intensitie

| Classes of compounds | Bond | Wavenumber ($cm^{-1}$) | Band intensity |
|---|---|---|---|
| alcohols, ethers, esters, carboxylic acids | C–O | 1050–1410 | strong |
| alkenes, aromatic compounds | C=C | 1620–1680 | medium, weak |
| amides, ketones, aldehydes, esters, carboxylic acids | C=O | 1650–1750 | strong, sharp |
| alkynes | C≡C | 2100–2260 | medium, weak |
| carboxylic acids | O–H | 2500–3300 | strong, very broad |
| aldehydes | C–H | 2720–2820 | medium, weak |
| alkanes, alkenes | C–H | 2850–3090 | strong |
| alcohols | O–H | 3200–3600 | strong |
| amines, amides | N–H | 3300–3500 | weak, mediun |

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 $cm^{-1}$, 2950 $cm^{-1}$ တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 $cm^{-1}$ မှာ acid OH stretching, 2950 $cm^{-1}$ မှာ CH stretching, 1700 $cm^{-1}$ မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 $cm^{-1}$ မှာ NH stretching, 2900 $cm^{-1}$ မှာ CH stretching တို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်း မြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များ ပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုး ပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိ နားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာ ဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့ လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။

Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာလေ့လာထားဖို့ လိုအပ်ပါတယ်။

၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ Grade 12 Chemistry မေးခွန်းနမူနာပုံစံကို ဖြေဆိုပြထားသည့်အတွက် ဓာတုဗေဒဘာသာရပ် ဖြေဆိုမှုကို အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ Chapter တစ်ခုချင်း အလိုက် အကျဉ်းချုပ်လေ့လာမှတ်သားရန်တို့ကိုလည်း ရေးသားတင်ပြထားသည့်အတွက် တပည့်တို့အနေနဲ့ နားလည်သဘောပေါက်ပြီဟု ယူဆပါသည်။ ထို့ကြောင့် chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့ လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာ မေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာရေးသားဖော်ပြဖို့ သတိပြုရပါမယ်။

နိဂုံးချုပ်အနေနှင့် ၂၀၂၆ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး မိမိကြိုးစားအားထုတ်မှု ရလဒ်ကောင်းများဖြင့် အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

****************************************************

# မီးသတ်ဆေးဘူးအသုံးပြုမီးငြိမ်းသတ်ခြင်းသရုပ်ပြ

မအူပင် ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် အမှတ် (၃)ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်း၌ ယနေ့နံနက် ၁၀ နာရီတွင် မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့်မီးသတ်ဆေးဘူးအသုံးပြုမီးငြိမ်းသတ်ခြင်းသရုပ်ပြသခြင်းကိုဆောင်ရွက်ကြသည်။

အဆိုပါဆောင်ရွက်ရာတွင် မအူပင်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးဌေး၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနရှိ တပ်ဖွဲ့ဝင်များက ကျောင်းအတွင်းမီးဘေးလုံခြုံမှုရှိစေရန် အဆောက်အအုံအတွင်း/အပြင်မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား စစ်ဆေးခြင်းဆောင်ရွက်ကြသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက မူလတန်းကြိုကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီးမီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။

အောင်မြင့်မြတ် (ပြန်/ဆက်)



# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိ ဒီဇင်ဘာလ ၂၉ ရက်မှ ဇန်နဝါရီလ ၄ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း (၃ ဒသမ ၈၉၅၀) တန်၊ သစ်မာ (၃၆ ဒသမ ၅၅၈၈) တန်၊ အခြား (၃၉ ဒသမ ၅၉၅၈) တန်၊ စုစုပေါင်း (၈၀ ဒသမ ၀၄၉၆)တန်၊ ယာဉ်/ယန္တရား (၆)စီး၊ တရားခံ (၉)ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



မြဝတီ

**MWD Education,Knowledge & Sports Channel**

၈-၁-၂၀၂၆ (ကြာသပတေးနေ့)

၁။ ၀၇:၀၀ - ၀၈:၃၅ Grade -8 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၄:၀၀ - ၁၅:၀၀ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသိကောင်းစရာများ(ဓာတုဗေဒဘာသာရပ်)
၃။ ၁၅:၃၀ - ၁၇:၂၅ Grade -8 အင်္ဂလိပ်စာ၊ သင်္ချာ(၁)၊ သင်္ချာ(၂)
၄။ ၁၇:၂၅ - ၁၉:၀၀ Grade -8 ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

# ဗင်နီဇွဲလားမှ ပိတ်ဆို့ခံထားရသည့် ရေနံများကို အမေရိကန်သို့ပေးပို့ရမည်ဟု ထရမ့်ပြော

**ဝါရှင်တန်၊ နိုင်ငံရေး**

ဗင်နီဇွဲလားမှ ပိတ်ဆို့မှုခံထားရသည့် အရည်အသွေးမြင့် ရေနံစိမ်းစည်ပေါင်း သန်း ၃၀ မှ ၅၀ ခန့်ကို အမေရိကန်ပြည်ထောင်စုသို့ ပေးပို့ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇန်နဝါရီလ ၇ ရက်တွင်ပြောသည်။ အဆိုပါ ထုတ်ပြန်ချက်သည် အမေရိကန်တပ်ဖွဲ့များက ဗင်နီဇွဲလားနိုင်ငံ၏မြို့တော်ကရာကတ်ကိုစီးနင်းပြီး ဗင်နီဇွဲလားသမ္မတ နီကိုးလပ်မာဒူရိုကို ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။

သမ္မတထရမ့်သည် ၎င်း၏လူမှုကွန်ရက်ဖြစ်သော Truth Social တွင် ရေးသားရာ၌ အဆိုပါ ရေနံများကို ပေါက်စျေးအတိုင်း ရောင်းချသွားမည်ဖြစ်ကြောင်းနှင့် ယင်းမှ ရရှိလာသည့် ငွေကြေးများကို ၎င်းကသာ ထိန်းချုပ်စီမံသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် စွမ်းအင်ဝန်ကြီးအား ထိုအစီအစဉ်ကို ချက်ချင်းဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်သည်ဟုလည်း ဆိုသည်။ ရေနံစိမ်းများကို သင်္ဘောများဖြင့် သယ်ဆောင်ကာ အမေရိကန်ရှိ ဆိပ်ကမ်းများသို့ တိုက်ရိုက်ပို့ဆောင်သွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: RT**

# စင်ကာပူ၌ ကမ္ဘာ့အမြင့်ဆုံး ဒေါင်လိုက်စိုက်ပျိုးရေးခြံဖွင့်လှစ် တစ်နှစ်လျှင် ဟင်းသီးဟင်းရွက် တန်ချိန် ၂၀၀၀ ထုတ်လုပ်မည်



**စင်ကာပူ၊ စိုက်ပျိုးရေး**

စင်ကာပူနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေး ကဏ္ဍကို အထောက်အကူပြုစေမည့် ကမ္ဘာ့အမြင့်ဆုံး မိုးလုံလေလုံ ဒေါင်လိုက်စိုက်ပျိုးရေးခြံကို ဂျူရောင်းဝက်နယ်မြေ၌ ဇန်နဝါရီလ ၇ ရက်တွင် တရားဝင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ ထိုစိုက်ပျိုးရေးခြံကို စိုက်ပျိုးရေးနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Greenphyto က စင်ကာပူဒေါ်လာ သန်း ၈၀ အကုန်အကျခံကာ တည်ဆောက်ထားခြင်းဖြစ်သည်။

ယခုဖွင့်လှစ်လိုက်သည့် စိုက်ပျိုးရေးခြံတွင် အမြင့် ၂၃ ဒသမ ၃ မီတာ (၇၆ ပေကျော်) ရှိသော ဒေါင်လိုက်စိုက်ပျိုးရေး တာဝါတိုင်များကို အသုံးပြုထားသည်။ ထိုအဆောက်အအုံအတွင်း၌ အလျား ၁၁၈ မီတာစီရှိသော အခန်းကြီး ငါးခန်းပါဝင်ကာ အခန်းတစ်ခန်းစီ၌ စိုက်ပျိုးရေးတာဝါတိုင် နှစ်တိုင်စီထည့်သွင်းထားသည်။

စုစုပေါင်း ၂ ဟက်တာ အကျယ်အဝန်းရှိသော မြေနေရာတွင် အဆင့်မြင့် AI နည်းပညာ၊ စက်ရုပ်စနစ်များ၊ အလိုအလျောက်ထိန်းချုပ်စနစ်များကို အပြည့်အဝပေါင်းစပ်အသုံးပြုထားသည်။ Greenphyto စိုက်ပျိုးရေးခြံသည် အပြည့်အဝလည်ပတ်နိုင်သည့် အခြေအနေ၌ တစ်နှစ်လျှင် ဟင်းသီးဟင်းရွက် တန်ချိန်ပေါင်း ၂၀၀၀ ခန့်အထိ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ယင်းပမာဏသည် သမားရိုးကျ မြေပြင်စိုက်ပျိုးရေးနည်းလမ်းထက် ၄၅ ဆခန့် ပိုမိုထွက်ရှိခြင်းဖြစ်သည်။ လက်ရှိတွင် တစ်နှစ်လျှင် တန်ချိန် ၂၀၀ ထုတ်လုပ်နိုင်သည့် အဆင့်ဖြင့် စတင်လည်ပတ်နေပြီဖြစ်ပြီး ထွက်ရှိလာသောဟင်းသီးဟင်းရွက်များကို ပြည်တွင်းကုန်တိုက်များသို့ပြန်သွင်းကြောင်းသိရသည်။ **Ref: ST**

# အမေရိကန်က ဒိန်းမတ်ထံမှ ဂရင်းလန်းကျွန်းကို ဝယ်ယူရန် စီစဉ်နေဟုဆို

**နယူးယောက်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဒိန်းမတ်နိုင်ငံပိုင် ဂရင်းလန်းကျွန်းကို စစ်ရေးနည်းဖြင့်သိမ်းပိုက်မည့်အစား ဝယ်ယူရန်သာ ရည်ရွယ်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက အမေရိကန်လွှတ်တော်အမတ်များကို ပြောသည်ဟု Wall Street Journal က ဇန်နဝါရီလ ၆ ရက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရအနေဖြင့် ဂရင်းလန်းနှင့် မက္ကဆီကိုကဲ့သို့သော နေရာများတွင် စစ်အင်အားကိုအသုံးပြုရန် အစီအစဉ်ရှိ၊ မရှိ ဒီမိုကရက်တစ်အမတ်များ၏ မေးမြန်းမှုကို ဝန်ကြီး ရူဘီယိုက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

သမ္မတထရမ့်သည် ၎င်း၏ ပထမအကြိမ် သမ္မတသက်တမ်းကတည်းက ဂရင်းလန်းကျွန်းကိုဝယ်ယူရန် စိတ်ဝင်စားမှုကို ထုတ်ဖော်ခဲ့ဖူးပြီး ယခုအခါ ထိုကျွန်းကို ရရှိရေးသည် အမျိုးသားလုံခြုံရေးအတွက် အဓိကဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်လာသည်ဟု နိုင်ငံခြားရေးဝန်ကြီးက ပြောထားကြောင်း သိရသည်။ **Ref: Xinhua**

# အိန္ဒိယနိုင်ငံ၌ တောဆင်ရိုင်းနင်းမှုကြောင့် လူခြောက်ဦးထပ်မံသေဆုံး၊ သေဆုံးသူ ၁၅ ဦးအထိရှိလာ

**နယူးဒေလီ၊ မတော်တဆမှု**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဂျာခန်းပြည်နယ်၌ တောဆင်ရိုင်းတစ်ကောင်နင်းမှုကြောင့် မိသားစုဝင်လေးဦးအပါအဝင် လူခြောက်ဦး ထပ်မံသေဆုံးကြောင်း တာဝန်ရှိသူများက ဇန်နဝါရီလ ၇ ရက်တွင် ထုတ်ပြန်သည်။ အဆိုပါ ဖြစ်စဉ်သည် အနောက်ဆင်းဘန်းခရိုင်ရှိ ဆိုဝမ်ကျေးရွာ၌ ဇန်နဝါရီလ ၆ ရက် ညပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်သည်။

သေဆုံးသူများသည် ၎င်းတို့၏ နေအိမ်အတွင်း အိပ်ပျော်နေစဉ် တောဆင်ရိုင်းမှာ အိမ်အတွင်းသို့ဝင်ရောက်လာပြီး နံရံများကို ဖျက်ဆီးကာ လူများကို နင်းသတ်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် လူလေးဦး ဒဏ်ရာရရှိပြီး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်။ ထို့ပြင်တောဆင်ရိုင်း၏ တိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ သီတင်းပတ်တစ်ပတ်အတွင်းမှာပင် ၁၅ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။ **Ref: Xinhua**

# ကမ္ဘောဒီးယားက ထိုင်းနှင့် အပစ်ရပ်ရေးကို အပြည့်အဝ အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချ



**ဖနွမ်းပင်၊ စစ်ရေး**

ကမ္ဘောဒီးယား အာဏာရပြည်သူ့ပါတီ ဥက္ကဋ္ဌဟွန်ဆန်က ကမ္ဘောဒီးယားနိုင်ငံသည် ထိုင်းနိုင်ငံနှင့်ရရှိထားသော အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တိတိကျကျနှင့် အပြည့်အဝ အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချထားကြောင်း ဇန်နဝါရီလ ၇ ရက်တွင် ပြောသည်။ ဤလုပ်ဆောင်ချက်သည် နှစ်နိုင်ငံစလုံးအတွက် ငြိမ်းချမ်းရေးကို ပြန်လည်ဖော်ဆောင်ရန်နှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုကို ရေးရှုရန်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောသည်။

လက်ရှိတွင် လွှတ်တော်ဥက္ကဋ္ဌ တာဝန်ကိုပါထမ်းဆောင်နေသည့် ဟွန်ဆန်သည် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံကြား ငြိမ်းချမ်းရေးပြန်လည်ရရှိခြင်းက ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက်များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်းပြောသည်။

ထို့ပြင် ယခုကဲ့သို့ ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်တက်ကြွစွာ ပါဝင်ကူညီခဲ့သည့် မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာအသိုက်အဝန်း၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံတို့အား ကမ္ဘောဒီးယားနိုင်ငံကိုယ်စား အထူးပင် ကျေးဇူးတင်ရှိကြောင်းလည်း ဟွန်ဆန်က ထုတ်ဖော်ပြောဆိုခဲ့သည်ဟု သိရသည်။ **Ref: Xinhua**

# ဩစတြေးလျတောင်ပိုင်းတွင် အပူလှိုင်းပြင်းထန်စွာကျရောက်ပြီး တောမီးအန္တရာယ်စိုးရိမ်ရ

**မဲလ်ဘုန်း၊ သဘာဝဘေး**

ဩစတြေးလျနိုင်ငံတောင်ပိုင်း၌ ဇန်နဝါရီလ ၇ ရက်တွင် အလွန်ပြင်းထန်သော အပူလှိုင်း ကျရောက်လျက်ရှိပြီး မဲလ်ဘုန်းမြို့အပါအဝင် နေရာအများအပြား၌ အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်အထက်မြင့်တက်နေသည်။ မဲလ်ဘုန်းမြို့လယ်တွင် အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်အထိရှိသောကြောင့် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း အပူဆုံးနေ့တစ်နေ့ ဖြစ်လာသည်။

အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်ဖုန်းခေါ်ဆိုမှုများ ၁၂ ရာခိုင်နှုန်းအထိတိုးမြင့်လာသဖြင့် တာဝန်ရှိသူများက ပြည်သူများအား ရေဓာတ်ပြည့်ဝစွာနေထိုင်ရန်နှင့် အပြင်မထွက်ကြရန် သတိပေးထားသည်။

တစ်ချိန်တည်းမှာပင် မဲလ်ဘုန်းမြို့အနီးရှိ မြို့ငယ်အချို့၌ တောမီးအန္တရာယ်ကြောင့် ဒေသခံများကို အရေးပေါ်ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားသည်။ လတ်တလောတွင် မီးသတ်သမား ၃၀၀ ကျော်၊ လေယာဉ် ၁၂ စင်းဖြင့် တောမီးကိုငြိမ်းသတ်နေသော်လည်း အခြေအနေမှာ ထိန်းချုပ်ရခက်ခဲနေဆဲဖြစ်သည်။ အချို့ဒေသများတွင် တောမီးမှာ လျှင်မြန်စွာကူးစက်သဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် နောက်ကျသွားပြီဖြစ်၍ အိမ်အတွင်း၌သာအခိုင်အမာခိုလှုံနေရန် တာဝန်ရှိသူများကညွှန်ကြားထားသည်ဟုသိရသည်။ **Ref: Xinhua**



# ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၅)ရပ်ကွက် ဝါးရုံပင်ကျေးရွာအုပ်စုနှင့် သီခေါင်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေး



နေပြည်တော် ဇန်နဝါရီ ၇

ကလောမြို့နယ် ဟဲဟိုးမြို့ အမှတ်(၅) ရပ်ကွက် ဝါးရုံပင်ကျေးရွာအုပ်စုနှင့် သီခေါင် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲပေးနေမှု အခြေအနေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရှမ်းပြည်နယ်(တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် ပွင့်လင်းမြင်သာစွာဆောင်ရွက်ရေး၊ ကြိုတင်ဆန္ဒမဲပုံးများကို သတ်မှတ်ချက်များနှင့်အညီ လုံခြုံစွာထိန်းသိမ်းထားရှိရေး၊ ကြိုတင်ဆန္ဒမဲပေးသူများ၏ အမည်စာရင်းများကို စနစ်တကျ စာရင်းပြုစုထားရှိရေး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံမဖွင့်မီ ကြိုတင်ဆန္ဒမဲပုံးများကို မဲရုံမှူးများထံ မဲပေးထားသည့်စာရင်းပုံစံ ၁၃(က) များနှင့်အတူ လွှဲပြောင်းအပ်နှံရေးမှာကြားသည်။

ယမန်နေ့ကလည်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် လင်းခေးခရိုင် မိုင်းပန်မြို့နယ်အတွင်း မဲရုံထားရှိမှုအခြေအနေကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိနမ့်ပန်ခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်များဆန္ဒမဲပေးရာတွင် မဲရုံတာဝန်ရှိသူများအနေဖြင့် မဲစာရင်းစိစစ်ခြင်းဆောင်ရွက်ပေးရာ၌ အချိန်ကြာမြင့်မှုမရှိစေရေး၊ MEVM စက်များ ပြန်လည်စစ်ဆေးခြင်းနှင့် Installation ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များမှားယွင်းမှုမရှိစေရေး၊ မဲရုံမှူးများအနေဖြင့် မဲရလဒ်များစာရင်းပြုစုရာတွင် ကြိုတင်မဲ၊ မဲပေးစက်ရလဒ်များ ဇယားထည့်သွင်းရာတွင် တိကျမှန်ကန်စေရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ရပ်ကွက်/ကျေးရွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံတာဝန်ရှိသူများ၏သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် မြို့နယ်အတွင်း မဲရုံထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

⊃ ကျောဖုံးမှအဆက်

စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant (Counsellor Affairs) Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ မကြာမီရောက်ရှိမည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုအစီအစဉ်အဖြစ် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (နေပြည်တော်)ခေတ်ပေါ်တီးဝိုင်းနှင့်အတူ ကယားတိုင်းရင်းသား/သူ တေးသံရှင်များ စုပေါင်းသီဆိုမည့် **“ကန္တရဝတီ တေးအလှပန်းချီ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

**(၉–၁–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ “ကန္တရဝတီ တေးအလှပန်းချီ” တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့်ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၃)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ငွေတောင်ပြည်ရဲ့ဖိတ်ခေါ်သံ | ဌာနတိုင်းရင်းသူအဆိုရှင် |
| ၂။ | ခူးရယ်ကယားလေး | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၃။ | တို့ရိုးရာ(ကော်တော်) | ဌာနတိုင်းရင်းသူအဆိုရှင် |
| ၄။ | ချစ်စရာမြေ | ဌာနတိုင်းရင်းသား/သူအဆိုရှင် |
| ၅။ | ကယားချောလေးခူးရယ် | ဌာနတိုင်းရင်းသူအဆိုရှင် |
| ၆။ | ချစ်တာမင်းတစ်ယောက်ထဲ | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၇။ | ကယားမြေသက်သေ | ဌာနတိုင်းရင်းသူအဆိုရှင် |
| ၈။ | Because I Love You | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၉။ | ဂေဘားတို့ဌာနေ | ဌာနတိုင်းရင်းသူအဆိုရှင် |
| ၁၀။ | လှတဲ့ကယန်းမြေ | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၁၁။ | မွေးရပ်မြေသို့တမ်းချင်း | ဌာနတိုင်းရင်းသားအဆိုရှင် |
| ၁၂။ | ကယားသဇင် | ဌာနတိုင်းရင်းသူအဆိုရှင် |
| ၁၃။ | ရှင်သန်မြဲစေ(သို့) ချစ်ခြင်းများနဲ့ အတူကမယ် | ဌာနတိုင်းရင်းသား/သူများအဖွဲ့ |

## ၇-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မိုးလေဝသ သတင်း




**ပျောက်ဆုံးကြောင်း**
အောင်မျိုးထက်(ဘ)ဦးမျိုးမြင့် ၁၂/မဂဒ(နိုင်)၁၄၅၃၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 396487)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၇၇၉၅၁၉၂၇၇

**ပျောက်ဆုံးကြောင်း**
စီရီမိုးသီး(ဘ)အဂျစ်သ်လား ၇/ပမန(နိုင်)၂၅၁၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၆၇၁၇၁၇၆၁

**ပျောက်ဆုံးကြောင်း**
စိုင်းကိုဦး(ဘ)ဦးအောင်သန်းဇော် ၇/သဝတ(နိုင်)၁၆၂၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၈၈၀၁၅၀၄၇၁

**ပျောက်ဆုံးကြောင်း**
ခင်စန္ဒာဝင်း(ဘ)ဦးအေးမြင့် ၁၂/သကတ(နိုင်)၁၃၂၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၃၁၁၄၃၅၉

**ပျောက်ဆုံးကြောင်း**
လှရွှေ(ဘ)ဦးလောက်အေး ၁၃/လရန(နိုင်)၁၉၁၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၉၇၄၈၀၅၃၂၇

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
စန္ဒီမာသီရိ(ဘ)ဦးဘသင် ၁၂/သဃက(သ)၀၀၀၀၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၅၄၁၀၃၀၄

**ပျောက်ဆုံးကြောင်း**
ဘီသ်နား(ဘ)ဦးစန်သာဗဟာဒူး ၉/ပဥလ(နိုင်)၀၆၃၆၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၉၄၆၂၃၈၈၃

**ပျောက်ဆုံးကြောင်း**
တင်တင်ဝေ(ဘ)ဦးခင်မောင်ငွေ ၁၁/သတန(နိုင်)၁၀၁၇၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၂၅၀၀၅၇၃၈၇

### ပျောက်ဆုံးကြောင်း

မအိုယေ့(ဘ)ဦးမူအိုး ၁၃/ကတန(နိုင်)၁၅၆၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၂၃၂၈၀၈

### ပျောက်ဆုံးကြောင်း

ခင်ထွေးလေး(ဘ)ဦးစိုင်းစိုးညွန့် ၁၃/နမတ(နိုင်)၀၆၅၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၅၀၈၇၁၅၀၄

### အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ ဖူလုံ အ.ထ.က Grade-9 တွင် ပညာသင်ကြားခဲ့သော အဘ ဦးကျော်သက်ဆွေ၏သမီး မစုဇင်ဇင်ဖြိုး၏အမည်မှန်မှာ ကျောင်းဝင်စာရင်းအမှတ် ၅၇၃၁ အရ မဆုဇင်ဇင်ဖြိုးဖြစ်ပါကြောင်း။

မဆုဇင်ဇင်ဖြိုး

### တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာနေ အဘ ဦးတိုက်စံ၏သား ၈/ရစက(နိုင်)၁၂၉၀၆၉ ကိုင်ဆောင်သူ ဦးကျော်သက်ဆွေနှင့် ဦးကျော်ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်သက်ဆွေ(ခ)ဦးကျော်ဆွေ

### တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ရေစကြိုမြို့နယ်၊မြေခဲတောင် အ.လ.ကတွင်အလယ်တန်းကျောင်းအုပ်အဖြစ်တာဝန်ထမ်းဆောင်နေသောဦးဘိုတင့်၈/ရစက(နိုင်)၁၇၁၃၀၇၏ဖခင် ဦးငြိမ်းမောင်နှင့် ဦးညိမ်းမောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးငြိမ်းမောင်(ခ)ဦးညိမ်းမောင်**

### ပျောက်ဆုံးကြောင်း

မောင်ဇော်ဟိန်း(ဘ)ဦးအောင်နိုင် ၁၂/ကမရ(နိုင်)၀၄၈၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

### ပျောက်ဆုံးကြောင်း

ဆန္ဒအောင်(ဘ)ဦးအေးသောင်း ၈/ပမန(နိုင်)၁၁၄၄၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဇာရာဘီ(ခ)မအေးအေးနွယ်(ဘ)အီစွတ်(ခ)ဦးတင်လတ် ၁၂/ဒလန(နိုင်)၀၈၈၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ညီညီထွေး(ဘ)ဦးစိုးတင့် ၇/ပတတ(နိုင်)၁၀၄၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

စိန်လွင်(ဘ)ဦးအောင်သန်း ၇/ကဝန(နိုင်)၀၉၀၂၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ ရွာလမ်းမကြီးနေ ဦးတင်ထွန်းအောင်(ဘ)ဦးတင်ရှိန် ၉/တကန(နိုင်)၁၉၇၆၆၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၀၇၅၃၉၉၇

### ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မွေးမြူရေးဇုန်၊ အမှတ်(၄)ရပ်ကွက်နေ မပန်းအိဖြူ(ဘ)ဦးကိုလတ် ၃/မဝတ(နိုင်)၀၇၁၁၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၆၁၉၇၅၃၂

### ပျောက်ဆုံးကြောင်း

တင်ဇာဟိန်း(ဘ)ဦးအေးသိန်း ၁၂/ကခက(နိုင်)၀၉၅၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၃၅၀၉၃၂

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အဆောက်အအုံနှင့်ကုန်ရုံဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း မြို့တော်ခန်းမတွင် ငလျင်ကြောင့်ထိခိုက်ပျက်စီးသွားသည့် Stage LED Board နှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ - (၈-၁-၂၀၂၆)မှ(၂၁-၁-၂၀၂၆)အထိ
(ခ) တင်ဒါသွင်းရမည့် နောက်ဆုံးရက် - (၂၁-၁-၂၀၂၆)ရက်နေ့၊ (၁၆:၀၀)နာရီ
(ဂ) တင်ဒါဖွင့်မည့်ရက် - (၂၃-၁-၂၀၂၆)ရက်နေ့၊ (ခန့်မှန်း)
(ဃ) တင်ဒါဖွင့်မည့်နေရာ - အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
(င) တင်ဒါတစ်စုံရောင်းဈေးနှုန်း - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၂။ သတ်မှတ်အချိန်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၄၀၂၆၅၇၅၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

မဝင်းမာထွေး(ဘ)ဦးမောင်ကြီး ၇/သနပ(နိုင်)၁၄၃၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

### ပျောက်ဆုံးကြောင်း

ဦးသန်းဝင်း(ဘ)ဦးစိန်ဝင်း ၈/မတန(နိုင်)၀၅၄၉၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၀၈၈၂၂၄

### ပျောက်ဆုံးကြောင်း

ချစ်မင်းပိုင်(ဘ)ဦးကျော်ရွှေ ၈/အလန(နိုင်)၂၃၆၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

အောင်စော(ဘ)ဦးဟိန်းလတ် ၁၀/မဒန(နိုင်)၂၆၂၁၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

တင်မောင်မြင့်(ဘ)ဦးချင်ရှော်လင် ၁၃/ကခန(နိုင်)၁၁၈၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ပြည့်ပြည့်အောင်(ဘ)ဦးကျော်ဝမ်း ၅/ရဘန(နိုင်)၂၃၁၉၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ကေဇာလင်း(ဘ)ဦးနေလင်း ၈/ဆပဝ(နိုင်)၁၁၃၄၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 773310)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မိုဟာမက်(ခ)မောင်သန်းထွေး(ဘ)ဦးတင်လတ် ၁၂/ဒလန(နိုင်)၀၈၉၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 925567)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

စိုင်းထက်ရှားနိုင်(ဘ)ဦးအေးနိုင် ၁၂/မဂတ(နိုင်)၁၀၄၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

မိမိအုန်း(ဘ)ဦးအုန်းမောင် ၁၂/အစန(နိုင်)၁၃၄၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 743334)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

စိုင်းမောင်မောင်(ဘ)ဦးထိုက် ၇/ပခန(နိုင်)၅၂၆၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၂၁၃၃၀၆

### ပျောက်ဆုံးကြောင်း

နွယ်နွယ်ဝင်း(ဘ)ဦးငြိမ်းအောင် ၅/ကလထ(နိုင်)၃၃၉၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့၊အ.ထ.က(၁)တွင် ပညာသင်ကြားနေသော Grade-12(အောင်) မောင်တိမ်မင်းလွင်၏ဖခင် ဦးဗိုနှင့် ဦးတင်စိုး ၉/လဝန(နိုင်)၀၄၉၉၆၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဗို(ခ)ဦးတင်စိုး

### ပျောက်ဆုံးကြောင်း

ဇာဇာလှိုင်(ဘ)ဦးခင်စိုး ၁၄/ဝခမ(နိုင်)၂၇၀၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၃၅၇၅၉၂

### မိဘအမည်မှန်

ဘီးလင်းမြို့၊ အ.ထ.က(ကန်သာယာ)ကျောင်း၊ Grade-6 မှ မောင်ခန့်မင်းကိုကို၏ မိဘအမည်မှန်မှာ ဦးအောင်ကျော်ထွေး ၁၀/ဘလန(နိုင်)၁၉၈၁၉၄ နှင့် ဒေါ်နှင်းသက်ဝေ ၁၀/ဘလန (နိုင်)၁၉၈၂၃၈ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်ထွေး-ဒေါ်နှင်းသက်ဝေ

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

## တပ်မတော်အသံလွှင့်တပ်
## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)
(ခ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရ ဦးစားပေးမည်)
(ဂ) အယ်ဒီတာ(မြန်မာ)(ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့် ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)
(ဃ) အယ်ဒီတာ(အင်္ဂလိပ်)(ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့် မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)
(င) အသံဖမ်း(မြန်မာ/အင်္ဂလိပ်)(ကွန်ပျူတာဘွဲ့ရ ဦးစားပေးမည်)
(စ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရ ဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်စေရ။
(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(င) တူရိယာပစ္စည်းတစ်မျိုးမျိုးတီးခတ်နိုင်သူ(သို့မဟုတ်)အသံကောင်းမွန်သူ(သို့မဟုတ်)တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူဖြစ်ရမည်။
(စ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉-၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ **ဖုန်းနံပါတ် ၀၃၃-၆၀၁၇၀ နှင့် ၀၉-၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း

ဇော်လင်းထက်(ဘ)ဦးမင်းအောင် ၇/လပတ(နိုင်)၀၀၃၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၆၅၃၅၃၂၄

### ပျောက်ဆုံးကြောင်း

လပြည့်ဝန်း(ဘ)ဦးမြင့်ထွန်း ၅/ရဘန(နိုင်)၂၃၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

သန္တာမိုး(ဘ)ဦးအောင်နေလင်း ၉/ကပတ(နိုင်)၂၀၂၅၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ဇင်မျိုးအောင်(ဘ)ဦးညိုဝင်း ၉/မခန(နိုင်)၃၁၄၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၇၉၈၀၀၉၂

### ပျောက်ဆုံးကြောင်း

မူးသန့်သွီး(ဘ)ဦးကျော်ဖာခေး ၃/ဘအန(နိုင်)၃၈၆၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 766598)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

နော်ကေသီဦး(ဘ)ဦးစိုးဝင်း ၃/ကကရ(နိုင်)၁၆၈၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 883501)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အမှတ်(၃၂/၀၀၂)နေ အဘ ဦးလှမိုးအောင်၏သမီးဖြစ်သူ မကြာညိုသင်း(ခ)မပြည့်ပြည့်မိုးအောင် ၁၂/ဒဂဆ(နိုင်) ၀၁၈၈၉၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မကြာညိုသင်း(ခ)မပြည့်ပြည့်မိုးအောင်

### ပျောက်ဆုံးကြောင်း

အိအိငယ်(ဘ)ဦးသိန်းဌေး ၁၂/ဒဂတ(နိုင်)၀၅၃၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၆၃၉၇၉၁

### ပျောက်ဆုံးကြောင်း

အိအိငြိမ်း(ဘ)ဦးမြင့်လွင် ၇/ဖမန(နိုင်)၁၂၃၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၇၅၀၈၇၄၃

### ပျောက်ဆုံးကြောင်း

ရှိုင်းရီ(ဘ)ဦးဆီကြူ ၁၃/နခန(နိုင်)၁၃၄၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၇၁၇၄၀၇၂

### ပျောက်ဆုံးကြောင်း

ယာတီ(ဘ)ဦးဝင်ယု ၁၃/မဆတ(နိုင်)၀၈၃၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၉၁၈၉၃

### ပျောက်ဆုံးကြောင်း

စမ်းစိမ့်စိမ့်စိုး(ဘ)ဦးအိုက်လွတ် ၁၃/လရန(နိုင်)၁၆၉၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၀၄၂၅၄

## ဦးမြင့်သိန်း
## လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှု-၁(ငြိမ်း)
## အသက်(၉၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနရပ်ကွက်၊ အမှတ်(၂၃)၊ နံ့သာလမ်းနေ (ဒေါ်ကြူကြူ)၏ခင်ပွန်း၊ ဒေါ်အေးအေးကြူ၊ ဒေါက်တာမြင့်လွင်-ဒေါ်မြရီ၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဖြိုးကိုကိုမြင့်လွင်၊ ဒေါက်တာအိချောဟန်နီမြင့်လွင်၊ မောင်မြတ်ဉာဏ်ထက်မြင့်လွင်တို့၏ ဘိုးဘိုးကြီး ဦးမြင့်သိန်းသည် ၃-၁-၂၀၂၆(စနေနေ့)ညနေ ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၂၆ (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘိလပ်မြေစက်ရုံ(တန် - ၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန် - ၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံနှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO
PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
DOUBLE ELEPHANT
PORTLAND CEMENT
PRODUCT OF MYANMAR
OPC-EN 197-1:2000
CEM-I 42.5N
BLUE DIAMOND CEMENT
PORTLAND CEMENT
HIGHLAND CEMENT INTERNATIONAL CO., LTD
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
NET WEIGHT 50 Kg
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ အခြားနိုင်ငံတွေကို ပုံတူကူးချသွားမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီစနစ်ကို မြန်မာနည်း၊ မြန်မာ့ဟန်နဲ့ ကျွန်တော်တို့ မြန်မာတွေဦးစီးပြီး ဖော်ဆောင်သွားကြရမှာဖြစ်ပါတယ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင်ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့်ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၂၇ ဦးအား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့်ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးအပ်စဉ်။

နေပြည်တော် ဇန်နဝါရီ ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၂၁၂ ဦးနှင့် ပါကစ္စတန်နိုင်ငံသား ၁၅ ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂၇ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင်မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများစနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့ **စာမျက်နှာ ၂၉ ကော်လံ ၁** ➲

## ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ဓာတုဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ (၂၃)၊ (၂၄)၊ (၂၅)၊ (၂၆) နှင့် (၂၇) တို့တွင်ဖော်ပြထားပါသည်။

## နိုင်ငံတကာသတင်း

**ဗင်နီဇွဲလားမှ ပိတ်ဆို့ခံထားရသည့် ရေနံများကို အမေရိကန်သို့ပေးပို့ရမည်ဟု ထရမ့်ပြော**

စာ – ၂၈ သို့

**ကမ္ဘောဒီးယားက ထိုင်းနှင့်အပစ်ရပ်ရေးကို အပြည့်အဝ အကောင်အထည်ဖော်ရန် သန္နိဋ္ဌာန်ချ**

စာ – ၂၈ သို့

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ရှေဝတီအသင်း ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ရရှိ



ရန်ကုန် ဇန်နဝါရီ ၇

မြန်မာအမျိုးသမီးလိဂ် ၂၀၂၅-၂၀၂၆ ရာသီအမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃) တွင်ရှေဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့၏ယှဉ်ပြိုင်မှုကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ ရှေဝတီအသင်းက ရှုံးပွဲမရှိစံချိန်ကို **စာမျက်နှာ ၁၆ ကော်လံ ၁** ▲

# မုန်တိုင်းငယ်၏လက်ရှိ အခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ




နေပြည်တော် ဇန်နဝါရီ ၇

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော **စာမျက်နှာ ၁၇ ကော်လံ ၁** ◆

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar